BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

**ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ**

The Lightning Newsletter
( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ် * ခရစ်နှစ် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ(၁) | အမှတ် (၃၁)

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ရှမ်းပြည်နယ်အရှေ့ပိုင်းမြို့များသို့ ခရီးလှည့်လည် ရှမ်းပြည်နယ်အတွင်းရှိ လူမျိုးပေါင်းစုံတို့က သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြ

နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခဲ့သည့်နောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းရပ်များ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးတို့ ပါဝင်သော အဖွဲ့ဝင်များသည် နိုဝင်ဘာလ (၁၇)ရက် မွန်းလွဲပိုင်းအချိန်က ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ လေယာဉ်ခရီးစဉ်နှင့် ရောက်ရှိလာခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ကျိုင်းတုံမြို့ရှိ အဖွဲ့ချုပ်ကြိုဆိုရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုက လေဆိပ်တွင် ရှမ်းရိုးရာ အိုးစည်ဗုံမောင်းများ တီးမှုတ်၍ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထို့နောက် ကျိုင်းတုံလေဆိပ်မှတဆင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ရှမ်းပြည်နယ် ဒု–ဥက္ကဋ္ဌ ဦးစိုင်းဖ (အကျဉ်းထောင်အတွင်း ကွယ်လွန်)၏ နေအိမ်သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ရှမ်းပြည်နယ်အတွင်းရှိ အခါ၊ လားဟူ၊ ရှမ်းအစရှိသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံ ရာပေါင်းများစွာတို့က ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ လမ်းတလျှောက် ဝမ်းပမ်းတသာ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့သည်။

နေ့လည် နှစ်နာရီတွင် ဒေါ်အောင်ဆန်းစုကြည်သည် ကျိုင်းတုံမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် မြို့ခံအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ပြည်သူလူထုများအား နှုတ်ခွန်းဆက်မိန့်ခွန်း စကားပြောကြားခဲ့ရာ ပြည်သူလူထုတသောင်းနီးပါး တက်ရောက်ခဲ့ကြသည်။ မိန့်ခွန်းပြောကြားပြီးနောက် ဒေသခံရှမ်းတောင်သူလယ်သမားများက ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား တွေ့ဆုံရန် ခွင့်တောင်းလာသဖြင့် ရင်းနှီးပွင့်လင်းစွာ လက်ခံတွေ့ဆုံခဲ့ကြကြောင်း သိရသည်။

မိန့်ခွန်းပြောကြားပြီးနောက် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုတို့၏ ချွေးနှဲစာဖြင့် စုပေါင်းထည့်ဝင်လှူဒါန်းထားသော ပဒေသာပင်များအား ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်းခဲ့ကြပြီး တန်ခိုးကြီးဘုရားများသို့ လှည့်လည်ဖူးမျှော်ခဲ့ကြသည်။

ထိုညတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဦးစိုင်းဖနေအိမ်တွင် ညအိပ်တည်းခိုပြီး ဒေသခံ တောင်သူလယ်သမားကြီးများနှင့် မြို့မိမြို့ဖများအား နွေးထွေးရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကျိုင်းတုံမြို့နေ အဖွဲ့ချုပ် အဖွဲ့ဝင်တဦး၏ အဆိုအရ သိရသည်။

❖ ❖ ❖





## ရှမ်းပြည်နယ်ခရီးစဉ်ပြီးဆုံးသွားပြီဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံမြောက်ပိုင်း ရှမ်းပြည်နယ်သို့ (၁၅)ရက်ကြာ စည်းရုံးရေးခရီးစဉ် လှည့်လည်သွားရောက်ခဲ့သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးတို့ပါဝင်သော အဖွဲ့ဝင်များသည် နိုဝင်ဘာလ(၂၆)ရက်နေ့ညက ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာပြီဖြစ်သည်။

ထိုခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် တိုင်းရင်းသား လူမျိုးပေါင်းစုံပြည်သူလူထုကြီးနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံနိုင်ခဲ့ပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ အခြားတိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်အနှံ့ ခရီးထွက်ခွာခဲ့ရာတွင် အချို့သောနေရာဒေသတို့၌ သက်ဆိုင်ရာ စစ်အာဏာပိုင်တို့၏ ဟန့်တားနှောင့်ယှက်မှုများ ကြုံတွေ့ခဲ့ရသော်လည်း ဘေးမသီရန်မခဘဲ အောင်အောင်မြင်မြင် သွားလာနိုင်ခဲ့သည့်အတွက် မျှော်လင့်ထားမှုထက် ပိုမိုအောင်မြင်ပါကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ထိုနေ့ညက ရန်ကုန်သို့ ရောက်ရောက်ချင်းမှာပင် အနားမယူအားဘဲ မကြာခင် နေရပ်ပြန်တော့မည့် သံတမန်တဦး၏ နှုတ်ဆက်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

❖ ❖ ❖

## ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ တာချီလိတ်မြို့သို့ ရောက်ရှိ

နိုဝင်ဘာ(၁၉)ရက်

ကျိုင်းတုံမြို့မှထွက်ခွာသော ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် နိုဝင်ဘာလ (၁၉)ရက်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာခဲ့ကြသည်။

ထိုသို့ ရောက်ရှိလာသော ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားလူမျိုးပေါင်းစုံ တထောင်ကျော်တို့က လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုရောက်ရှိလာကြသည့် ပြည်သူလူထုကြီးကို နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသွားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် တာချီလိတ်မြို့ရှိ မြို့မိမြို့ဖများ အဖွဲ့ချုပ်စည်းကော်မတီများနှင့်လည်း တွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် ကျိုက်တုံမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

## ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မူဆယ်မြို့များသို့ ရောက်ရှိ

နိုဝင်ဘာ (၂၄)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် နိုဝင်ဘာ (၂၄)ရက် နံနက် ၁၁း၀၀ နာရီအချိန်တွင် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့သို့ ရောက်ရှိလာကြသည်။

ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ပါဝင်သော အဖွဲ့များအား ကွတ်ခိုင်မြို့နယ် NLD အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းမောင်၊ ဒု–ဥက္ကဋ္ဌ ဦးကိုလေးနှင့် အခြားပါတီဝင် ဒေသခံပြည်နယ်သူ၊ ပြည်နယ်သားများက ကချင်၊ ပလောင်၊ ရှမ်းစသည့် တိုင်းရင်းသားရိုးရာ ဝတ်စုံများ ဝတ်ဆင်ကာ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ကျမ်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းများ သံပြိုင်ကြွေးကြော်၍ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည်

စာမျက်နှာ(၁၀)ကော်လံ(၅)သို့ ❍



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

### အယ်ဒီတာ့အာဘော်

## စစ်အုပ်စု ဦးစီးသည့် အမျိုးသားညီလာခံကို အဆုံးတိုင် ဆန့်ကျင်တိုက်ဖျက်ကြ

၁၉၉၃ ခုနှစ် ဇန်နဝါရီ(၉)ရက်နေ့ကတည်းက စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံသည် မကြာမီ (၁၀)နှစ်တင်းတင်းပြည့်ပေတော့မည်။ ထိုညီလာခံကို စစ်အုပ်စုက (က) ဖွဲ့စည်းပုံအခြေခံဥပဒေ(သစ်)၏ အကာအကွယ်ကို ယူပြီး စစ်အုပ်စု၏အာဏာ ထာဝရခိုင်မြဲစေရန်၊ (ခ)ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုကိုင်၍ ဒီမိုကရေစီအင်အားစုများကိုထိန်းချုပ်ထားနိုင်ရန်၊ (ဂ) အမျိုးသားသွေးစည်းညီညွတ်ရေးဟု ကြွေးကြော်ကာ ဒီမိုကရေစီအင်အားစုများအားသွေးခွဲ၍ သွေးကွဲသွားစေရန်၊ (ဃ) ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းပစ်ရန် စသည့် ကြံရွယ်ချက်များနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုအမျိုးသားညီလာခံမှ (၉၀)ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်း၍ စစ်အုပ်စု၏ အုပ်စိုးမှုကို ထာဝရတည်တံ့စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ရေးဆွဲပေးရန် တချက်ခုတ်နှစ်ချက်ပြတ် ကြံရွယ်ထားခြင်းဖြစ်သည်။

လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ လက်နက်ကိုင်လမ်းစဉ်ကို စွန့်ကာ ဥပဒေဘောင်အတွင်းဝင်၊ အမျိုးသားညီလာခံ တက်ရောက်၊ ဥပဒေတွင်း ဒီမိုကရေစီအဖွဲ့အစည်းများကလည်း အမျိုးသားညီလာခံတက်၊ စစ်အုပ်စုနှင့် အားလုံးပူးပေါင်းဆောင်ရွက်။ ထိုသို့နှင့် စစ်အုပ်စုကြွေးကြော်နေသော "အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး"ဆိုသည့် ကြံရွယ်ချက်ကို လက်တွေ့ဖြစ်လာစေပြီး ယခုကျင်းပနေသည့် အမျိုးသားညီလာခံမှ ပေါ်ထွက်လာမည့် အခြေခံဥပဒေသစ်နှင့် သူတို့၏ အုပ်စိုးမှုကို ကာကွယ်၍ ရှစ်လေးလုံး အခြေအနေမျိုးပေါ်ပေါက်လာပါက စစ်အင်အားသုံးပြီး ဖြေရှင်းသွားနိုင်ရေးဖြစ်သည်။

စစ်အုပ်စုသည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းယူခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို ပြဋ္ဌာန်းကာ မဆလ တပါတီအာဏာရှင်စနစ်ကို တရားဝင်အကာအကွယ်ပြုခဲ့ပေသည်။ ၁၉၈၈ ခု အရေးတော်ပုံက ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးရန် တခဲနက်တောင်းဆိုလာသောအခါ ရွေးကောက်ပွဲကျင်းပရန် ကတိပြုခဲ့ပြီး မလွှဲမရှောင်သာ ကျင်းပပေးခဲ့သည်။ ပြည်သူလူထုကြီးက စစ်အာဏာရှင်စနစ်ကို အလိုမရှိကြောင်း ဖော်ပြသည့်အနေနှင့် NLD ကို တခဲနက်ထောက်ခံရွေးချယ်ခဲ့သည့်အခါ စစ်အုပ်စုက ၂၇-၈-၉၀ ရက်တွင် အမိန့်အမှတ်(၁/၉၀)နှင့် ၂၄-၄-၉၂ တွင် အမိန့်အမှတ်(၁၁/၉၂)တို့ကို ထုတ်ပြန်၍ ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းပစ်ရန် ကြံစည်လာခဲ့သည်။ အာဏာလွှဲပြောင်းပေးပါမည်ဟု နှုတ်ကတိခဲ့သူ ဗိုလ်ချုပ်ကြီးစောမောင်ကိုလည်း တာဝန်မှ ဖယ်ရှားပစ်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ယနေ့အထိ စစ်အုပ်စု၏ နိုင်ငံရေးပရိယာယ်များကို ဆန်းစစ်ကြည့်လျှင် မည်သည့်အခြေအနေတွင်ဖြစ်စေ အာဏာကို လက်ထဲမှာ တနည်းနည်းနှင့် ရှိနေရေး အခြေခံပေါ်တွင် တည်နေသည်ကို တွေ့နိုင်ပေသည်။

ထို့ကြောင့် ယခုကျင်းပနေသည့် အမျိုးသားညီလာခံအပေါ် မည်သို့ သဘောထားမည်နည်းဟူသော ပြဿနာသည် ဒီမိုကရေစီအင်အားစုများ၏ နိုင်ငံရေးရပ်တည်ချက်ဆိုင်ရာ မေးခွန်းဖြစ်လာလေသည်။ ပူးပေါင်းဆောင်ရွက်ရေးလား၊ ဆန့်ကျင်ကန့်ကွက်တိုက်ဖျက်ရေးလား၊ ပူးပေါင်းဆောင်ရွက်ရေးသည် စစ်အုပ်စုအုပ်စိုးမှုတည်တံ့စေရေးနှင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် ဖျက်သိမ်းရေးဖြစ်ပြီး ဆန့်ကျင်တိုက်ဖျက်ရေးသည် စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရရှိရေးနှင့် ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ဘက်ပေါင်းစုံအကျပ်အတည်းများ၏ အခြေခံသည် နိုင်ငံရေးပေါ်တွင် မူတည်နေသောကြောင့် စစ်အုပ်စုအနေဖြင့် ဖြေရှင်းနိုင်စွမ်းမရှိချေ။ ထို့ကြောင့် သူတို့ကြုံတွေ့နေရသည့် နိုင်ငံရေးအကျပ်အတည်းက လွန်မြောက်စေရန် အမျိုးသားညီလာခံကို အပြီးသတ်ချင်နေပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မျက်မှောက်နိုင်ငံရေးဖြစ်စဉ်ထဲမှ ဖယ်ရှားပစ်ချင်နေသည်။ သို့သော် လူမျိုးစုံဒီမိုကရေစီအင်အားစုများနှင့် NLD ၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ အမျိုးသားညီလာခံကို နိဂုံးချုပ်မရနိုင် ဖြစ်နေသည်။

ယခုအခါ စစ်အုပ်စုက အမျိုးသားညီလာခံပြန်တက်ရေး(ဝါ)အဆုံးသတ်ရေးလေသံကို သူနှင့် အကြောင်းပေါင်းသင့်သည့်အဖွဲ့များ၊ လူများမှတဆင့် ဝါဒဖြန့်ထုတ်လွှင့်လာသည်။ စင်စစ် စစ်မှန်သောအမျိုးသားညီလာခံဟုဆိုရာဝယ် (၁) လူတစုတဖွဲ့၏ အကျိုးစီးပွားကို ကိုယ်စားပြုခြင်းမဟုတ်ဘဲ အမျိုးသားအကျိုးစီးပွားတရပ်လုံးကို ကိုယ်စားပြုနိုင်ရမည်။ (၂) အမျိုးသားအကျိုးစီးပွားနှင့်သက်ဆိုင်သူမှန်သမျှ၏ ဒီမိုကရေစီအခွင့်အရေးများကို ခြွင်းချက်မရှိ အသိအမှတ်ပြုရမည်။ (၃) ပြုမူဆောင်ရွက်မှုမှန်သမျှ ပကတိရိုးသားဖြောင့်မတ် ပွင့်လင်းမှုရှိရမည်။ ထိုလက္ခဏာများနှင့် ပြည့်စုံမှသာ အမျိုးသားညီလာခံဟု ဆိုနိုင်ပေမည်။

သို့ရာတွင် စစ်အုပ်စုက ဦးစီးကျင်းပနေသည့် အမျိုးသားညီလာခံသည် နိုင်ငံရေးကြန်အင်လက္ခဏာများ လုံးဝကင်းမဲ့နေပြီး ပြည်သူလူထု၏ ဒီမိုကရေစီဆန္ဒကို ဆန့်ကျင်နေပေသည်။ ထို့ကြောင့် စစ်အုပ်စုအလိုကျညီလာခံ တက်ရောက်ခြင်းသည် ဒီမိုကရေစီအရေးတော်ပုံကို သစ္စာဖောက်ရာရောက်ပေသည်။ ထိုညီလာခံမှတဆင့် စစ်အုပ်စု လိုလားနေသည့် ဖွဲ့စည်းပုံဥပဒေကို အတည်ပြုလက်ခံခဲ့သော် စစ်အုပ်စုထံ အညံ့ခံရာရောက်မည်ဖြစ်သဖြင့် ထို အမျိုးသားညီလာခံအား အဆုံးတိုင်ဆန့်ကျင်တိုက်ဖျက်ရမည်ဖြစ်ပါကြောင်း။

## ကမ္ဘာ့လွှမ်းခြုံဖြန့်ကျက်မှု (နိဂုံးပိုင်း)

**၁၅၊ ၃၊ ၂၀၀၁ နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် "လူငယ်ပညာပေးဟောပြောပွဲ"အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် "ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု" (Globalization) ဟောပြောချက် နိဂုံးပိုင်းဖြစ်ပါသည်။**



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးလွင်**

ဒါမျိုးဆိုရင် ကုန်သွယ်ရေးအဖွဲ့အစည်းတွေက မကြိုက်ဘူး။ ဒါကြောင့် တော်လှန်ရေးလုပ်ပြီးတာနဲ့ မပြီးသေးဘူး။ စောစောက ပြောတာတွေ မလုပ်နိုင်ရင် Globalization ဟာ ခရီးမပေါက်ဘူး။ ဥပမာ အင်ဒိုနီးရှားကို ကြည့်ရအောင်။ အင်ဒိုနီးရှားမှာ တော်လှန်ရေးပြီးသွားပြီ။ Beyond Revolution ပေါ့။ တော်လှန်ရေးရဲ့ဟိုဘက်မှာ ပြုလုပ်ရမယ့် Democratization အတွက် Process တွေ ရှိသေးတယ်။ စောစောက ကျွန်တော်ပြောခဲ့သလိုဘဲ။ လုပ်ငန်းစဉ်တွေက တဆင့်ပြီးတဆင့် ဖြတ်သန်းသွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြစဉ်က တို့ဗမာအစည်းအရုံးက လမ်းစဉ်ချမှတ်တဲ့အတိုင်း နိုင်ငံခြားကို စစ်ပညာသင်ယူဖို့ သွားကြတယ်။ ပထမတော့ တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ပြီး စစ်ပညာသင်ယူဖို့ပဲ။ တကယ်တမ်းကျတော့ ဂျပန်ပြည်ရောက်သွားတယ်။ ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်ကိုတိုက်တယ်။ အင်္ဂလိပ်ထွက်ပြေးတယ်။ နောက်ပြီး ဂျပန်တော်လှန်ရေးလုပ်တယ်။ အင်္ဂလိပ်ပြန်ဝင်လာတယ်။ နောက်ဆုံး လွတ်လပ်ရေးကြီးရတယ်။ ကျွန်တော်ပြောချင်တာက လွတ်လပ်ရေးကြီးရအောင် လုပ်ခဲ့ရတဲ့ အဆင့်တွေအများကြီးရှိတယ်။ Process အရေးပါတဲ့ အကြောင်း သိစေချင်တာ။ Process တခုနဲ့ တခုကြားမှာ အချိန်မီပြောင်းလဲနိုင်စွမ်း ရှိရမယ်။ Flexible ဖြစ်ရမယ်။ သိပ်ပြီးတော့ Rigid ဖြစ်လို့မရဘူးဆိုတာ သဘောပေါက်ရမယ်။ လုပ်ငန်းစဉ်တွေဟာ တန့်သွား၊ ရပ်တန့်သွားလို့မရပါဘူး။ Substainable ဖြစ်ရပါမယ်။ စဉ် ဆက်မပြတ်လုပ်ဆောင်နိုင်ရပါမယ်။

Globalization ခေတ်နဲ့အညီ ဖြတ်သန်းနိုင်ဖို့ Process တွေကို ဖြတ်သန်းကြရမှာ မလွဲမသွေဖြစ်ပါတယ်။ ဖြတ်သန်းတဲ့အခါ Corruption သတိထားရမယ်။ ဒီ Corruption ရဲ့ အန္တရာယ်ဟာ ကြီးမားလှပါတယ်။ Transparency ဖြစ်ရပါမယ်။ ကိုယ့်အိမ်ထဲမှာ ကိုယ့်မိန်းမကို ကြိတ်ပြီးရိုက်နေရတဲ့ခေတ် မဟုတ်ဘူး။ လူဦးရေ တိုးလာတာနှင့်အမျှ နိုင်ငံရေးလည်း တိုးလာနေပါတယ်။ အဲဒီတိုးတက်နိုင်တဲ့ အနေအထားမှာ လူ့အခွင့်ရေးသမားတွေ၊ ဒီမိုကရေစီသမားတွေထက် ပိုပြီး မြင်နိုင်တာကတော့ Electroic Herds တွေပဲဖြစ်တယ် ဆိုပါတယ်။ ဥပမာ ဝါယာကြိုးသွယ်တန်းသလိုပေါ့။ ဒီဝါယာကြိုးဟာ ဘယ်ကဝင်လာတယ်၊ ဘယ်ကို ထွက်သွားတယ်၊ Main က ဘယ်နားမှာရှိတယ် ဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ အကုန်လိုက်မကြည့်ဘူး၊ မသိဘူး။ Electronic Herds တွေက အပြင်ကလည်းသိတယ်။ အတွင်းကလည်းသိတယ်။ ဒါကြောင့် အစိုးရတွေ၊ လူ့အခွင့်အရေးသမားတွေ၊ ဒီမိုကရေစီသမားတွေ မသိတာတောင် သူကသိနေတယ်လို့ ဆိုပါတယ်။ Electronic Herds တွေဟာ တည်ငြိမ်မှု၊ ကြိုတင်မှန်းဆမှု၊ ပွင့်လင်းမှု၊ လွှဲပြောင်းပေးနိုင်မှုလည်းကြိုက်တယ်။ Electronic Herds တွေဟာ ဒီမိုကရေစီကို စိတ်ဝင်စားတာ မကြိုက်ဘူးတဲ့။ သူစိတ်ဝင်စားတာ၊ ကြိုက်တာက Rule of Law တရားဥပဒေ စိုးမိုးရေးပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ Globalization ခေတ်ကြီးမှာ အရေးပါသော အင်္ဂါရပ် (၃)ရပ်ဖြစ်တဲ့ နည်းပညာ၊ ဘဏ္ဍာရေး၊ သတင်းအချက်အလက် စီးဆင်းမှုစတဲ့ အချက်(၃)ချက်ဟာ ဒီမိုကရေစီကျပါမယ်။ ဒီမိုကရေစီဆိုတာနဲ့ Rule of Law (တရားဥပဒေစိုးမိုးရေး)၊ Accountability (တာဝန်ယူမှု)၊ Tran-sparency ပွင့်လင်းမှုရှိခြင်းဟူသော အရည်အချင်း(၃)ရပ်လည်း ပြည့်စုံရမှာဖြစ်ပါတယ်။ အစိုးရဟာ စည်းကမ်းတကျ အုပ်ချုပ်ဖို့ အရေးကြီးပါတယ်။ Globalization ခေတ်မှာ အာဏာရှင်လက်အောက်မှ လွတ်ထွက်လာတဲ့ နိုင်ငံများအနေနဲ့ အခက်အခဲ၊ အကျပ်အတည်းများနဲ့ မလွဲမသွေ ရင်ဆိုင်ရမယ်ဆိုတာ သေချာလှပါတယ်။

ဒါကြောင့် ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့ ဘယ်ကိုရောက်နေသလဲ၊ ကျွန်တော်တို့ အခြေအနေ သိထားဖို့လိုပါတယ်။ ကျွန်တော်တို့ ပြောင်းရပါမယ်။ ပြောင်းကို ပြောင်းလဲပေးရပါမယ်။ ဒါ နိုင်ငံရေးအရ ကျွန်တော်တို့ ဖြစ်ချင်တာကို ပြောနေတာမဟုတ်ဘူး။ ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။

Globalization ခေတ်မှာ ပါဝင်ဖြတ်သန်းနိုင်ဖို့အတွက် ပြင်ဆင်ဖို့ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲမှု၊ အသင့်ဖြစ်အောင် ပြင်ဆင်မှု မလုပ်ထားရင် စောစောပိုင်းက ကျွန်တော်တင်စားပြီး ပြောသလို Electronic Herds နွားအုပ်ကြီးဝင်လာရင် နွားအုပ်ကြီးရဲ့ ဒဏ်ကို ခံနိုင်မှာ မဟုတ်ဘူး။ နွားအုပ်ကြီးရဲ့ နင်းခြေဖျက်ဆီးခြင်းကိုခံရပြီး ပျက်ဆီးကျန်ရစ်လိမ့်မယ်။ ဒါကြောင့် အချိန်မီပြောင်းနိုင်ဖို့ အရေးကြီးပါတယ်။ အချိန်မီ မပြောင်းလဲနိုင်ရင် ကျွန်တော်တို့ ဒုက္ခတွေ့မယ်ဆိုတာကို ပြောချင်တာပါ။

Globalization အစွန်းမရောက်အောင် ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့စည်းတွေဟာ အထိန်းတွေဖြစ်ကြောင်း ကျွန်တော် ပြောပြီးပါပြီ။ အဲဒီလိုပါပဲ Globalization အစွန်းမရောက်အောင် ထိန်းရာမှာ Media တွေနဲ့ NGOs (အစိုးရမဟုတ်သော အဖွဲ့အစည်းများ)ဟာ အလွန်အရေးပါတယ်ဆိုတာ သတိချပ်ဖို့ လိုအပ်ပါတယ်။

Globalization ကို လိုချင်ရင် အောက်ပါနိုင်ငံမျိုးတွေဟာ တန်ဖိုးကြီးကြီး ပေးရလိမ့်မယ်လို့ ဆိုပါတယ်။

- ပြုပြင်ပြောင်းလဲနိုင်စွမ်း မရှိတဲ့နိုင်ငံ၊ ပြုပြင်ပြောင်းလဲရဲတဲ့သတ္တိ မရှိတဲ့နိုင်ငံ။
- တရားဥပဒေ စိုးမိုးမှုမရှိတဲ့နိုင်ငံ၊ တရားဥပဒေ အကာအကွယ် မရှိတဲ့နိုင်ငံ။
- စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်နေမှု မရှိတဲ့နိုင်ငံ။
- Corruption ကို သည်းခံနေတဲ့ နိုင်ငံတွေဟာ တန်ဖိုးကြီးကြီး ပေးရပါလိမ့်မယ်လို့ ပြောရင်း အဆုံးသတ်ပါတယ်။

**ပြီးပါပြီ။**

၀၀၀၀။၀၀၀၀။၀၀၀၀



# မစ္စတာရာဇာလီ၏ အမျိုးသားညီလာခံ ပြန်လည်အသက်သွင်းရေး တိုက်တွန်းချက်အပေါ် အတိုက်အခံများ၏ သဘောထားအမြင်များ



မစ္စတာ ရာဇာလီ

**ဦးခွန်ထွန်းဦး၊ ဦးလွင်နှင့် သခင်သိန်းဖေတို့ DVB နှင့် တွေ့ဆုံမေးမြန်းခန်းမှ ကူးယူဖော်ပြပါသည်။**

**ဖြေ** – သူကပြောတယ်၊ အမျိုးသား ညီလာခံနဲ့စပြီးတော့ အစဖော်ရင်ကောတဲ့။ သူက ဟိုမှာလည်းပြောခဲ့တယ်ဗျ။ ကျနော်တို့ကို မေးတော့လည်း ကျနော်က ရတယ်လို့ အမျိုး သားညီလာခံကလည်း ရှင်းရှင်းပြောလို့ရှိရင် အဲဒါရဲ့အစကို ဆွဲယူမှရတော့မှာကိုး။ သူတို့က NLD နဲ့ ထိုင်စကားပြောရမှာကို မပြောချင် ဘူး။ HIV/AIDS ကော့စ် ငွေချပေးနိုင်တယ်။ အဲဒီဟာထိတောင်မှ သူတို့ကစကားမပြောချင် ဘူး။ ဟိုလူက ဘာပြောလဲဆိုလို့ရှိရင် အကယ်၍ ခင်ဗျားတို့သာ တကယ်တန်း အဓိပ္ပာယ်ရှိတဲ့ စကားပြောမယ်ဆိုလို့ရှိရင် အလှူရှင်နိုင်ငံ တွေက Project-30 ခင်ဗျားတို့ မြန်မာပြည် အတွက် လျာထားတယ်။ အဲဒီတော့ ပြောကြပါ၊ ဆိုကြပါဆိုပြီး ပွင့်ပွင့်လင်းလင်း ပြောခဲ့သေး တယ်။

**မေး** – အဲဒီတော့ အန်ကယ်တကယ်လို့ သာ အမျိုးသားညီလာခံကိုပြန်လုပ်မယ်ပေါ့ နော်။ ပုံစံအသစ်တမျိုးနဲ့ဆိုရင်၊ အဲဒါ (၉၀) ရွေးကောက်ပွဲရလဒ်နဲ့ အမျိုးသားညီလာခံနဲ့ ဘယ်လိုမျိုး ဖြစ်သွားမလဲ။

**ဖြေ** – အခုဟာကတော့ ရှင်းရှင်းပြော လို့ရှိရင်တော့ (၉၀) ခု ရွေးကောက်ပွဲက ပြယ်သွားမယ်ပေါ့။ နောက်ပြီးတော့ CRPP လည်း ဟိုဟာဖြစ်သွားမှာပေါ့၊ ဒါပေမဲ့ ဒီအမျိုးသား ညီလာခံမတိုင်ခင်မှာ သုံးပွင့်ဆိုင် တွေ့ဆုံရေးက ဖြစ်လာဦးမှာကိုးဗျ။ ဘာဖြစ်လို့လဲဆိုရင် လုပ်ထုံးလုပ်နည်း ဆွေးနွေးတဲ့အခါမှာ NLD ရယ်၊ SPDC ရယ် ဆွေးနွေးမယ်။ ဒါပေမဲ့ တိုင်းရင်းသားတွေကလည်း ပါလာပြီဆိုတော့ တိုင်းရင်းသားတွေ ပါဝင်ပြီးတော့ဆွေးနွေး မယ်။ အဲဒီတော့ အမျိုးသားညီလာခံကြီး မတိုင်မီမှာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲက ရှိကိုရှိနေပြီ၊ ရှိနေရတော့မှာ။ ဒီညီလာခံကြီးရဲ့ ဒီသဘော သဘာဝ လွတ်လပ်စွာပြောဆိုခွင့် လွတ်လပ်စွာ ဆွေးနွေးခွင့်၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် အဲဒါတွေက အကုန်လုံးပါထားတော့မှာ။ နောက်ပြီး လုပ်ထုံးလုပ်နည်းတွေလည်း ပြန်ပြင်ရတော့မှာ။ ဒီမူအတိုင်းသွားလို့မှ မရတာကိုး။ အဲဒီတော့ အမျိုးသားညီလာခံမရောက်ခင် သုံးပွင့်ဆိုင် ဆွေးနွေးပွဲက ဖြစ်နေပြီပဲ။ ဒီမှာ မစ္စတာရာဇာလီ အနေနဲ့ကလည်း ဒီဟာပဲ ရချင်တာ။

**မေး** – နောက်လုပ်မယ့် အမျိုးသား ညီလာခံဆိုတာ ဘယ်လိုမျိုးဆိုတာကို နည်း နည်း ယေဘုယျ ရှင်းပြပေးပါလား။

**ဖြေ** – အဓိကတော့ အဲဒီမှာ စစ်မှန်တဲ့ ကိုယ်စားလှယ်တွေပါရမှာပေါ့။ ရွေးချယ်ခံ ကိုယ်စားလှယ်တွေ ပါရမှာပေါ့။ ကျနော်တို့ တွေနဲ့ မပြီးဘူး။ ငြိမ်းချမ်းရေးယူထားတဲ့ တိုင်းရင်းသားတွေရှိတယ်။ နောက်ပြီးတော့ တိုက်ခိုက်နေတဲ့ တိုင်းရင်းသားတွေရှိတယ်။ နောက်ပြီး အမျိုးသားညီလာခံမှာ ဘာတင် သွင်းမလဲ။ ဖက်ဒရယ်မူဆိုလည်း ဖက်ဒရယ်မူ၊ ဘာညာဆိုတာ ရှိသေးတာကိုး။ အဲဒီတော့ အမျိုးသားညီလာခံအတွက်ကတော့ သူတို့ အားလုံး ပြင်ဆင်မှုကတော့ပေးရမယ်။ ပေးတဲ့အချိန်မှာ စစ်မှန်တဲ့ ကိုယ်စားလှယ်တွေ လည်း ဒါ တွေ့ဆုံဖို့ပေါ့လေ။

**မေး** – အမျိုးသားညီလာခံလို့ ယေဘုယျ သုံးလိုက်တော့ လက်ရှိကလည်း နအဖ အမျိုးသားညီလာခံလုပ်နေတော့ အမြင်က တမျိုးဖြစ်နေတော့လေ။ အတိုက်အခံတွေရဲ့ ရပ်တည်ချက်က ဘယ်လိုဖြစ်သွားမယ်ဆိုတာ ကို နည်းနည်းရှင်းပြပေးပါလား။

**ဖြေ** – အဲအတိုက်အခံတွေ ရပ်တည် ချက်ကတော့ ဒါ ဒေါ်စုပဲမေးမှုရမယ်။ ဒါပေမဲ့ ရှင်းရှင်းပြောလို့ရှိရင်တော့ ဒီစစ်မှန်တဲ့ အမျိုး သားညီလာခံကြီးဖြစ်မယ်ဆိုရင်တော့ နအဖ က လုပ်ပေးတဲ့ အမျိုးသားညီလာခံကြီးတော့ ဘယ်လိုမှကို မဖြစ်နိုင်ဘူးလေ။ အားလုံးရဲ့ သဘောထားပါတဲ့၊ စစ်မှန်တဲ့ အမျိုးသား ညီလာခံကြီးဖြစ်မယ်။ တကယ်ကိုတည်မြဲတဲ့ လူထုလူတန်းစားအသီးသီးပေါ့ ပင်လုံခေတ်လို ညီလာခံဖြစ်ရမယ်။ တတ်သိပညာရှင်တွေလည်း တချို့ပါမှာပေါ့။ ရှင်းရှင်းပြောလို့ရှိရင် ဥပဒေ ပညာရှင်လည်းပါမှာပေါ့။ နောက်ပြီးတော့ နအဖ ကိုယ်စားလှယ်တွေလည်းတက်ရမှာပဲ။

**မေး** – ဆိုလိုတာကတော့ လက်ရှိ အမျိုးသားညီလာခံမှာ နအဖလုပ်ထားတဲ့ (၆) ချက်တို့၊ တပ်မတော်က အနာဂတ်မှာပါရမယ် တို့၊ ဒါတွေလည်း သွားပြီပေါ့။

**ဖြေ** – ခပ်ရှင်းရှင်းပြောလို့ရှိရင် လူပြိန်းလိုပြောရင်တော့ အကုန်သွားပြီ။ နောက်ပြီးတော့ တပ်မတော် ဒီဟာကနေ ဦးဆောင်မှုက ပါရမှာလည်း သွားပြီ။

**မေး** – ခုန အန်ကယ်ပြောတဲ့ သုံးပွင့် ဆိုင်ဆွေးနွေးရေးဆိုတာ အမျိုးသားညီလာခံ အတွက်ဆွေးနွေးတဲ့ သုံးပွင့်ဆိုင် ဖြစ်သွား မလား။ ဘယ်လို အဓိပ္ပာယ်ရမလဲ။

**ဖြေ** – အမျိုးသားညီလာခံအတွက် ဆွေးနွေးတဲ့ သုံးပွင့်ဆိုင်ဖြစ်နေတယ်။ အမျိုး သားညီလာခံကနေ ဒါ တကယ့် အဓိပ္ပာယ် ရှိတဲ့ တွေ့ဆုံဆွေးနွေးပွဲကြီးတရပ် ဖြစ်ပေါ် လာအောင် သူက ဖန်တီးပေးလိုက်တာပဲ။

**မေး** – Option တခုပေါ့အန်ကယ်။ တခြားရော ခင်ဗျာ။

**ဖြေ** – တကယ် Option တခုပေါ့၊ အားလုံးက Deadlock ဖြစ်နေပြီပဲ။ အဲဒီတော့ ဘယ်လိုလုပ်ပြီး ကျနော်တို့က အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ဘယ်လို ဖော် ဆောင်တော့မလဲ။ ဆွဲမိဆွဲရာဆွဲတာပဲ။ ဒါ့ရှင်းရှင်း ပြောရင်တော့ (၁၅)မိနစ်ပဲ တွေ့ရတယ်ဆို တော့ ဒါလေးတော့ သူ ချပြီး ကျွေးခဲ့တယ် ပေါ့ဗျာ။

**မေး** – အတိုက်အခံတွေဘက် ကရော ခင်ဗျာ။ အဲဒီလိုမျိုး ဆက်ပြီးတော့ အမျိုး သားညီလာခံကို ပုံစံတမျိုးနဲ့လုပ်မယ်ဆိုရင် သိပ်အလျှော့ပေးတဲ့ဟာမျိုးရော ဖြစ်မသွား ဘူးလား။

**ဖြေ** – အဲဒီလိုမျိုး၊ ဒါ့ရှင်းရှင်းပြော ရင်တော့ မေးရင်လည်းဖြစ်တာပဲပေါ့။ ဒါပေမဲ့ ဖြစ်စေချင်တာက အမျိုးသားပြန်လည် သင့်မြတ်ရေးပဲ။ NLD လည်း ပြောနေပြီပဲ။ ကြိုက်တဲ့ Issue ကိုကိုင်ပါ။ ဆွေးနွေးပါ။ ဒေါ်စု ကလည်း သူလွတ်လာတဲ့နေ့တုန်းကလည်း သူပြောတာပဲ။ CRPP မွေးနေ့မှာပဲ နအဖနဲ့ ပူးပေါင်းလုပ်ပါ့မယ်ဆိုတာသူလည်းပြောနေ တာပဲဟာ။ ဒါ စကားကုန်ပြီပဲ။ တခုပဲရှိတယ် နော်။ ကျနော်တို့ ပြောတာကိုတော့၊ တိုင်းရင်း သားတွေပြောတာကိုတော့ ဟိုအရင် ကျင်းပ နေတဲ့ အမျိုးသားညီလာခံနဲ့ သွားမရောနဲ့။ ရောရင် ကျနော်တို့ပါ ခွေးဖြစ်မှာပဲ။ မဆိုင် ဘူး။ ဒါ စစ်မှန်တဲ့အမျိုးသားညီလာခံကို ကျနော်တို့ ပြောနေတာ။

**မေး** – အန်ကယ်တို့အနေနဲ့ အတွေ့ အကြုံအရပေါ့။ နအဖဘက်ကရော အဲဒီလို မျိုးပြောရင် လက်ခံမယ်လို့ ယူဆသလား။

**ဖြေ** – အဲဒါကတော့ နအဖပေါ် တည် တာပဲ။ ဖြစ်လာမယ် မလာဘူးဆိုတာ၊ ဒါ ကတော့ နအဖ စားပွဲပေါ်ရောက်နေပြီပေါ့ ကိစ္စကတော့။

**မေး** – နောက်တခုက အဲဒီနေရာ ပြောတဲ့အထဲမှာ ကျနော်တို့ကြားရတာက ဒီဆွေးနွေးပွဲတွေမလုပ်မချင်း နှောင့်နှေးမယ် ဆိုရင် တချို့နိုင်ငံတွေက အရေးယူဖို့ အဆင်သင့်ရှိတယ်လို့လည်း ကြားလိုက်တာ အဲဒါဘာကို ဆိုလိုတာလဲ။

**ဖြေ** – ဟုတ်တယ်။ ကျနော့်ကိုပြော တယ်။ အကယ်၍ မဆွေးနွေးဘူးဆိုရင် နောက် နှစ်လသုံးလဆိုရင် Sanction ပိုဆိုး လာမယ်။ ကဲ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးမှု အရိပ်အယောင်မမြင်ရဘူးဆိုရင်တဲ့၊ ဟိုရှင်းရှင်း ပြောလို့ရှိရင် နောက်ထပ် ဒီ့ထက်ပိုပြီးတော့ အရေးယူမယ့်ပိတ်ဆို့မှုတွေ ရှိလိမ့်မယ်လို့ သူကပြောသွားတယ်။

**မေး** – အန်ကယ်တို့နဲ့ပြောတာက တော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့တဲ့ အခါမှာ အမျိုးသားညီလာခံဆိုတာက တိုင်းရင်းသားတွေအပါအဝင် နိုင်ငံရေးပါတီ ပေါင်းစုံပေါ့၊ အဲဒါတွေနဲ့ စုံစုံညီညီပေါ့။ အခု လက်ရှိ ခင်ဗျားတို့ ညီလာခံကိုဆက်ပြီး ကျင်းပဖို့ဆိုတာ မပြောပါဘူး။ အဲဒီလိုပဲ အန်ကယ် နားလည်တယ်။

**မေး** – အဲဒီတော့ တကယ်လို့ အခုပုံစံ မဟုတ်ဘဲနဲ့ အားလုံးပါတဲ့ (၉၀)ရွေးကောက်ပွဲ ရလဒ်ပေါ်မှာအခြေခံတဲ့ ညီလာခံဆိုရင်ကော ခင်ဗျာ။ အန်ကယ်တို့ဘက်က ဘယ်လိုမျိုး ပြောလို့ရမလဲ အန်ကယ်။

**ဖြေ** – အန်ကယ်တို့ ဒါတိတိကျကျ ဒီညီလာခံအကြောင်းကို ပြောရပေါင်းလည်း များလှပြီ၊ ဘယ်သူမှလည်း မှတ်မထားဘူး၊ အန်ကယ်တို့က ညီလာခံကိုသပိတ်မှောက်လာ တယ်တို့၊ ဘာတို့ပြောလိုပြော။ ညီလာခံကနေ ပြီးတော့ အန်ကယ်တို့တင်ပြတဲ့ဟာကို ပြန်လည်ပြီးတော့အဖြေမရမချင်း ကျနော်တို့ ညီလာခံဆက်ပြီးတော့ မတက်ဘူးပေါ့၊ ကျနော် တို့တင်ပြထားတာ ကိစ္စတွေကို ဖြေကြားလွှာ ရတဲ့တနေ့မှာ ကျနော်တို့ ပြန်တက်မယ်ဆိုပြီး တော့ အဲဒီလို စာပေးပြီးတော့ ညီလာခံတက် တာကို ရပ်ဆိုင်းခဲ့တာ။ အဲဒါကို ညီလာခံရဲ့ ဥပဒေအရ (၄၈) နာရီအတွင်းမှာ ပြန်လာ ရင်လာ၊ မလာလို့ရှိရင် အန်ကယ်တို့က ညီလာခံက ထွက်လာတာကိုး။ ညီလာခံကနေ အပြီးထုတ်ပစ်လိုက်တယ်။ အဲဒီတော့ (၄၈) နာရီမပြည့်ခင်ကို အန်ကယ်တို့ကို ညီလာခံ က ထွက်သွားရမလားဆိုပြီးတော့ ထုတ်ပစ် လိုက်ပြီးပြီ။ သဘောပေါက်လား။ Still Carry အန်ကယ်တို့က ထွက်လာတာမဟုတ်ဘူး။ အထုတ်ခံရတာ။ သို့သော်လည်း အန်ကယ်တို့ အပြင်ထွက်ကြရတဲ့အကြောင်းကတော့ အန်ကယ်တို့ တင်ပြတဲ့ Questions တွေကို ပြန်ပြီးတော့ အဖြေမပေးလို့ အဲဒီညီလာခံနဲ့ ပတ်သက်လို့က Acting Carry ပြောရရင် အဲဒီအတိုင်းပဲ။ နာမည်နဲ့ခေါ်လို့ တက်လာ ရတဲ့ လူတွေနဲ့ပဲ (၇၀၀) လောက်ရှိတယ် ထင်တယ်။ အဲဒါတွေနဲ့ဆုံးဖြတ်ချက်တွေချပြီး တော့ ညီလာခံက အဲဒီလိုဖြစ်သွားတာပဲလေ။ အဲဒီလိုညီလာခံမျိုးတော့ မလိုချင်ဘူးပေါ့ဗျာ။ ဒါကတော့ ဦးခွန်ထွန်းဦးလည်းပြောတာပဲ၊ ကျန်တဲ့လူတွေလည်း ပြောတာပဲ။ အခုလည်း ဟိုတလောကမြောက်ပိုင်းမှာ ကချင်၊ ကယား လည်းစုစည်းပြီး သူတို့ကလည်း ညီလာခံမျိုး တခုခေါ်ဖို့ဆိုပြီးတော့လည်း ပြောတာပဲ။ လက် ရှိ အမျိုးသားညီလာခံတော့ မဟုတ်ဘူးပေါ့၊ သို့သော်လည်း ညီလာခံကတော့ လိုတယ်ဆိုပြီး တော့ပြောကြဆိုကြဗျာ။

**ဖြေ** – အန်ကယ်လည်း အဲဒီဟာနဲ့ ပတ်သက်လို့ နည်းနည်း Delicate ဖြစ်နေ တယ်ပေါ့။ ဒီကိစ္စက Complicate ဖြစ်သွား တယ်။ အန်ကယ်တို့ကလည်း အန်ကယ်တို့ အထဲမှာက အမျိုးသားညီလာခံခေါ်ဖို့ဆိုတာ ပါသွားတယ်။ ပါသွားတယ်ဆိုတာက ဟိုးတချိန် က ဖဆပလခေတ်က အမျိုးသားညီလာခံ ဆိုတာက ဗိုလ်ချုပ်အောင်ဆန်းတို့လုပ်တာက အဲဒီအချိန်တုံးက နိုင်ငံရေးပါတီတွေက အများ ကြီးရှိတာကိုး၊ အဲဒီနိုင်ငံရေးပါတီတွေ စုစည်း မိအောင်ဆိုပြီးတော့ အမျိုးသားညီလာခံခေါ် ပြီးတော့ အဲဒီညီလာခံကနေ အမျိုးသား တောင်းဆိုချက်တွေ ဆုံးဖြတ်ကြတာ။ အခုဟာ အမျိုးသားညီလာခံလုပ်ရအောင်က နိုင်ငံရေး အဖွဲ့အစည်းဆိုတာ NLD ပဲရှိတယ်။ ဒီ့ပြင် ဘယ်အဖွဲ့မှ မရှိဘူး။ အဲဒီတော့ အမျိုးသား ညီလာခံလုပ်ရအောင်က နိုင်ငံရေးအဖွဲ့အစည်း ကိုယ်စားလှယ်တွေ ဘယ်ကရမလဲဆိုတော့ တကယ်ဆိုတော့မရှိဘူးပေါ့။ အဲဒီတော့ ဖြစ်နိုင် ရင် ဒီ အမျိုးသားလွှတ်တော်ဆိုတာကတော့ ပြည်သူ့ကိုယ်စားလှယ်အစစ်တွေပဲ။ ပြည်သူ တွေက တင်ထားတဲ့လူတွေကိုး။ အဲဒီတော့ ဒီလူတွေနဲ့ ခုနထိုက်သင့်တဲ့လူတွေ ထည့်ပြီး လုပ်မယ်ဆိုရင်လည်း အန်ကယ် တယောက်ထဲ သဘောတော့ အဲဒီ မဆိုးဘူးလို့ ထင်တာပဲ။ သို့သော် အမျိုးသားညီလာခံထက် အခုဖြစ်နေ တာ ဒီဘက်က ဒေါ်စုတို့ကလည်း လွှတ်တော် အကြံပေးရေး အဖွဲ့တွေဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်တွေခန့်နဲ့ သူတို့က လွှတ်တော် ပြန်ခေါ်ရေးကို ဒီဘက်ကလည်း အဓိကထား နေတာကိုး။ တကယ် နိုင်ငံရေးသဘောအရ ကတော့ ဒီလွှတ်တော်ဆိုတာက ဟိုးတချိန် တုန်းက ဗိုလ်ချုပ်စောမောင်ဦးစီးပြီး လုပ်ခဲ့တာ၊ တပ်ကနေ ဦးစီးပြီးလုပ်ခဲ့တဲ့ ဒီရွေးကောက်ပွဲ။ အဲဒါတင်မဟုတ်ဘူး၊ သူက တပ်ကနေ သူကိုယ် တိုင်ကိုက လွှတ်တော်ခေါ်ပေးမယ်။ ပြီးရင် တခါတည်းကို အစိုးရဖွဲ့ပေးမယ်။ ပြီးရင် သူတို့က တပ်ပြန်မယ်လို့ပြောခဲ့တာ။ အဲဒီ အချိန်က လုပ်ခဲ့တဲ့ဥစ္စာကိုး။ အခုအချိန် ကြတော့ အဲဒါက တရားမဝင်သလို ဖြစ်နေ တယ်။ တော်တော် Delicate ဖြစ်လာတယ်။

**မေး** – ဆိုတာက နိုင်ငံရေးသမားတွေ တောင်မှရှုပ်နေတော့လေ၊ သာမန်ပရိသတ်ဆို ပိုဆိုးတာပေါ့ အဘ။

**မေး** – အဲဒီလိုရှင်းပြချင်လို့ ကျနော်တို့ က အခုဟာက ....၊

**ဖြေ** – Nominated ညီလာခံဆိုတာ ဘယ်မှာမှ မကြားဖူးဘူး။ အမျိုးသားညီလာခံ သူတို့ပထမခေါ်စဉ်တုံးကလည်း ဒီဗိုလ်ချုပ်ကြီး သန်းရွှေပြောတဲ့စကားက သိပ်ကောင်းတာ။ သူတို့ဟာ အာဏာကိုစွဲကိုင်မထားပါဘူး။ မူလ ပိုင်ရှင်ကိုပြန်အပ်ပါ့မယ်ဆိုပြီး အဲဒီမှာတိတိ ကျကျပြောတာပဲ။ ❖



ဦးခွန်ထွန်းဦး



ဦးလွင်



သခင်သိန်းဖေ

# ဒုတိယနှစ် ဥပဒေကျောင်းသား ကိုခင်မောင်ဝင်း ထောင်ဒဏ် ၇ နှစ် ချမှတ်ခံရ

ပြီးခဲ့သည့် ဩဂုတ်လအတွင်း ရန်ကုန်မြို့တော်ခန်းမရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သူ ဥပဒေနောက်ဆုံးနှစ်ကျောင်းသား ကိုသက်နောင်စိုးကို ဘေးမှကူပေးမှုဖြင့် ဖမ်းဆီးခြင်ခံရသည့် ကိုခင်မောင်ဝင်းအား အင်းစိန်ထောင် အထူးတရားရုံးက နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ထောင်ဒဏ် (၇)နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

ဥပဒေ ဒုတိယနှစ်ကျောင်းသား ကိုခင်မောင်ဝင်းသည် တကိုယ်တော်ဆန္ဒပြခဲ့သည့် ကိုသက်နောင်စိုး၏ စာရွက်စာတမ်း ကြေညာချက်များအား ကူညီဖြန့်ဝေခဲ့သည့်အတွက် ဩဂုတ်လ(၁၈)ရက်နေ့က ၎င်းတို့နှစ်ဦးစလုံး အတူတကွ ဖမ်းဆီးခံရခြင်းဖြစ်သည်။

အဆိုပါအမှုအတွက် ကိုသက်နောင်စိုးနှင့် ကိုခင်မောင်ဝင်းတို့ နှစ်ဦးအား အောင်တိုဘာလဆန်းကစ၍ အင်းစိန်အထူးတရားရုံးတွင် ရုံးတင်စစ်ဆေးခဲ့ရာ နိုဝင်ဘာလ(၅)ရက်နေ့တွင် ကိုသက်နောင်စိုးကို ထောင်ဒဏ်(၁၄)နှစ် စီရင်ချမှတ်ခဲ့သည်။ (သတင်းဖော်ပြပြီး)

ယခုလို ကိုခင်မောင်ဝင်းအပေါ် အင်းစိန်အထူးတရားရုံးက စီရင်ချက်ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ တရားခံအကျိုးတော်ဆောင် NLD ရှေ့နေများက အယူခံဝင်သွားရန် စီစဉ်ထားသည်။

စီရင်ချက်ချချိန်တွင် ကိုခင်မောင်ဝင်၏ မိသားစုများလည်း တရားရုံးတွင် ရောက်ရှိကြားနာနေခဲ့ကြောင်း သိရသည်။

နအဖစစ်အုပ်စုက နိုဝင်ဘာလ (၂၁)ရက်နေတွင် နိုင်ငံရေးအကျဉ်းသား (၁၀၀) ကျော်တို့ကို အကျဉ်းထောင်များအသီးသီးမှ လွှတ်ပေးသည့်နေ့မှာပင် ရန်ကုန်မြို့တော်ခန်းမရှေ့ ဆန္ဒပြမှုနှင့်ဆက်စပ်၍ ဥပဒေကျောင်းသား ကိုခင်မောင်ဝင်းအား ထောင်ဒဏ်(၇)နှစ် စီရင်ချမှတ်ခဲ့သည်။

ကိုခင်မောင်ဝင်းသည် ဩဂုတ်လ (၁၈)ရက်နေ့က မြို့တော်ခန်းမရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သူ ကိုသက်နောင်စိုးအား ကူညီခဲ့မှုဖြင့် ဖမ်းစီးခံရသူဖြစ်သည်။ ထိုသို့ ကိုခင်မောင်ဝင်းအပေါ် ဖမ်းဆီးထောင်ချခဲ့ခြင်းနှင့်ပတ်သတ်၍ ထိုင်းနိုင်ငံအခြေစိုက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နိုင်ငံခြားရေးရာကော်မတီက ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာ ကြေညာချက်၌ နအဖအနေဖြင့် ယနေ့ကာလ၌ ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးနှင့် ကျောင်းသားများအားလုံးကို အမြန်လွှတ်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ကျောင်းသားလူထုတရပ်လုံး လိုအပ်နေသော ကျောင်းသားအခွင့်အရေး ဒီမိုကရေစီပညာရေးတို့အတွက် လွတ်လွတ်လပ်လပ် ဖွဲ့စည်းလှုပ်ရှားနိုင်သော ဗကသများအဖွဲ့ချုပ်အပါအဝင် ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းရေးကို ခွင့်ပြုရန် လိုအပ်နေကြောင်း ဖော်ပြထားပြီး ဗကသ ဥက္ကဋ္ဌ မင်းကိုနိုင်အပါအဝင် အကျဉ်းကျခံ ကျောင်းသားများအားလုံး လွတ်မြောက်ရေးအတွက် နိုင်ငံတကာ ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

❖ ❖ ❖

# မဲဆောက်ရောက် မြန်မာအလုပ်သမားများ စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပ

ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းတကျောင်းတွင် မြန်မာအလုပ်သမား (၃၀၀)ကျော်တို့က စုပေါင်းဘုံကထိန်ပွဲတရပ် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာအလုပ်သမားများ စုပေါင်းထည့်ဝင်ထားသည့် လှူဘွယ်ပစ္စည်းများပါဝင်သော ပဒေသာပင်များအား မဲဆောက်မြို့ရောက် မြန်မာအလုပ်သမား (၃၀၀)ကျော်ခန့်တို့က ကားများဖြင့်တင်ဆောင်ကာ အိုးစည်ဗုံမောင်းများ၊ အကများဖြင့် တမြို့လုံးလှည့်ပတ်ပြီး မဲဆောက်မြို့ရှိ ကျောင်းကြီးတိုက် ဘုန်းကြီးကျောင်းသို့ ပို့ဆောင်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ မြန်မာနိုင်ငံသားများ စုပေါင်းကျင်းပခဲ့သည့် ဘုံကထိန်ပွဲကို ထိုင်းအာဏာပိုင်များက မည်သည့်ဟန့်တားမှုမျိုးမှ မပြုလုပ်ကြသည့်အပြင် ဘုံကထိန်ပွဲကျင်းပရာတွင် လိုအပ်သည့် အကူအညီများကိုပင် ပံ့ပိုးကူညီခဲ့ကြသည်ဟုဆိုသည်။

ဘုံကထန်ပွဲ ဖြစ်မြောက်ရေးအတွက် ကြိုးစားလုပ်ကိုင်ခဲ့ရပုံနှင့် ပတ်သတ်၍ မိုးသောက်ပန်း အလုပ်သမားများ အဖွဲ့ခေါင်းဆောင် ကိုအာကာက "ကိုယ့်တိုင်းပြည်မှာလိုပဲ စည်စည်ကားကားနဲ့ လှည့်လည်ပြီးတော့ ပူဇော်တဲ့ပွဲတော်ကို လုပ်လာကြတာ ဒီနှစ်မှာဆို တတိယအကြိမ် ဖြစ်လာပါပြီ။ ဒီအချိန်မှာ အလုပ်သမားတွေက လုပ်အားခရတာနည်းကြပေမယ့်လည်း သူတို့ချွေးနဲစာလေးတွေကို ဘာသာရေးပွဲမှာ စုပေါင်းထည့်ဝင်ကြပြီးတော့ အလှူအတန်းတွေ လုပ်ကြတယ်။ ဒေသခံထိုင်းပြည်သူတွေနဲ့လည်း ဒီလိုပွဲလမ်းသဘင်တွေမှာ စုပေါင်းထည့်ဝင်ခြင်းအားဖြင့် တယောက်နဲ့တယောက် စုစည်းမှုတွေ ညီညွတ်မှုတွေကို ပိုမိုရရှိစေတယ်"ဟု သတင်းဌာနတခုကို ထုတ်ဖြော်ပြောဆိုသွားခဲ့သည်။

ထိုနေ့က ကထိန်ပွဲလာရောက်သူများအား နေ့ရောညပါ ဧည့်ခံကျွေးမွေးခဲ့ပြီးနောက် နောက်တနေ့နံနက်ပိုင်းတွင် လှူဘွယ်ပစ္စည်းများအား ရေစက်ချ တရားနာ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ ❖



ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရောက် မြန်မာအလုပ်သမားများ စုပေါင်းမဟာဘုံကထိန်ပွဲတော် ဆင်နွှဲနေစဉ်

# ဖိလစ်ပိုင်ရဲများ စာအိတ်ဗုံးပြဿနာ အဖြေရှာတော့မည်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ နအဖသံရုံးသို့ ပြီးခဲ့သောရက်များအတွင်းက ပေးပို့ခဲ့သော စာအိတ် ဗုံးပြဿနာနှင့်ပတ်သက်ပြီး ဖိလစ်ပိုင် စာတိုက်အရာရှိများက ပေးပို့ ရာမူရင်းဒေသအား ခြေရာခံလျက် ရှိရာ ထိုကိစ္စနှင့် ပတ်သက်၍ ထိုင်းအစိုးရထံမှ အကူအညီများ တောင်းခံထားကြောင်း သိရသည်။

မနီလာမြို့ ရဲတပ်ဖွဲ့အကြီအကဲတဦးက သံသယဖြစ်ဖွယ် စာအိတ်တခု လက်ခံရရှိထားသည်ဟု မြန်မာသံရုံးအရာရှိများက အကြောင်းကြားလျှင်ကြားချင်း ဗုံးရှင်းလင်းရေး အဖွဲ့တဖွဲ့အားစေလွှတ်၍ မပေါက်ကွဲစေရန် ချက်ချင်းအစီအစဉ်များ လုပ်ဆောင်ခဲ့ကြောင်း၊ ပုံမှန်အားဖြင့် ထိုင်းနိုင်ငံစာတိုက်တံဆိပ်ရိုက် စာအိတ်များမှာ ဂီတသံထွက် လျှပ်စစ်ပစ္စည်းပါ လက်ဆောင်ကဒ်ပြားများသာဖြစ်ပြီး ယခုကဒ်ပြားမှာမူ ဘက်ထရီစနက်တံဖြင့် ဆက်သွယ်ထားပြီး ပေါက်ကွဲစေရန် တမင်ဖန်တီးထားခြင်းဖြစ်သည်ဟု ယူဆရကြောင်း ပြောဆိုခဲ့သည်။

ဖိလစ်ပိုင်အမျိုးသား ရဲတပ်ဖွဲ့၏ အစီရင်ခံစာ၌ အဆိုပါစာအိတ်ဗုံး ပေးပို့သူ၏ လိပ်စာသည် ထိုင်းနိုင်ငံမှ လိပ်စာဖြစ်ပြီး ယင်းလိပ်စာရှင်သည် ထိုင်းနိုင်ငံတွင် အမှန်တကယ်ရှိ၊ မရှိ စုံစမ်းပေးရန်အတွက် ထိုင်းစာတိုက်တာဝန်ရှိသူများမှ အကူအညီပေးရန် မေတ္တာရပ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ လိုအပ်ပါက နိုင်ငံတကာရဲအဖွဲ့ကဲ့သို့သော အဖွဲ့အစည်းများအား အကူအညီရယူသွားမည်ဟု ဖိလစ်ပိုင်စာတိုက်မင်းကြီးနေဂါးချီးအိုးက ပြောဆိုသွားခဲ့သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်သို့ ရောက်နေခိုက် နအဖက ရှမ်းပြည်တပ်မတော်ကို ဝင်ရောက်တိုက်ခိုက်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်သို့ ရောက်ရှိနေစဉ်အတွင်း ရှမ်းပြည်အရှေ့ပိုင်း ထိုင်း–မြန်မာနယ်စပ် ချင်းမိုင်ခရိုင်နှင့် မျက်နှာချင်းဆိုင် မြန်မာပြည်ဘက်အခြမ်းတွင် SSA (ခေါ်) ရှမ်းပြည်တပ်မတော် စခန်းတခုအား နအဖတပ်များက ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းများအရ သိရသည်။

နိုဝင်ဘာလ (၁၆)ရက်နေ့ ည(၁၁း၀၀) နာရီခန့်တွင် မက်ရန်းပင်တောင်ကုန်းပေါ်တွင် စခန်းချထားသော SSA တပ်ဖွဲ့များအား ခလရ (၂၂၆)နအဖ တပ်များက သုံးဘက်ညှပ်၍ ရှောင်တခင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ တိုက်ပွဲချိန် နာရီဝက်ခန့် ကြာမြင့်ခဲ့သည်ဟု ဆိုသည်။

ယခုလိုတိုက်ပွဲဖြစ်ပွားမှုနှင့် ပတ်သက်၍ ရှမ်းပြည်တပ်မတော် ပြောရေးဆိုခွင့်ရှိသူ နမ်းခူးဆမ်က ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရှမ်းပြည်နယ်သို့ သွားရောက်ရန်မသင့်ကြောင်း ရှမ်းပြည်သည် အေးချမ်းလုံခြုံမှု မရှိကြောင်းကို အဓိပ္ပါယ်သက်ရောက်စေရန် နအဖတပ်က အစီအစဉ်ရှိရှိ လုပ်ဆောင်ခဲ့ပုံရကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

နမ်းခူးဆမ်က ဆက်လက်ပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် SSA ၏ ရန်သူမဟုတ်၊ SSA တပ်ဖွဲ့များကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် ဘယ်တော့မှ ထိခိုက်အနာတရ ဖြစ်လိမ့်မည်မဟုတ်ဟု မိမိတို့ SSA က ကြေညာချက်တစောင် ထုတ်ပြန်ထားကြောင်း အေအက်ဖ်ပီသို့ ပြောကြားသွားခဲ့သည်။

❖❖❖

**ပြည့်သူသာအဓိက ပြည့်သူသာအဓိက**

# ခေါင်းဆောင်နှင့် နောက်လိုက် ကွာဟချက် ကြီးမားခြင်းကြောင့် ဒီကေဘီအေ အတွင်း အကွဲအပြဲဖြစ်

ပြီးခဲ့သည့် နိုဝင်ဘာလ(၁၆)ရက်နေ့က ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် တပ်စွဲထားသော ဒီကေဘီအေ(ခ)ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့အချင်းချင်း တနေကုန်တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက် 'နအဖ' တပ်များက အခြေအနေကိုဝင်ရောက်ထိန်းသိမ်းလိုက်ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အင်အား(၄၀)ခန့်ရှိသော ဒီကေဘီအေ ဗဟိုလုံခြုံရေး တပ်ခွဲတခုသည် သောင်ရင်းမြစ်နှင့် မနီးမဝေးရှိ ခလယ်ဒီးစခန်းတွင် တပ်စွဲနေလာခဲ့ရာ တပ်ခွဲအတွင်း စားနပ်ရိက္ခာ မလုံမလောက်ဖြစ်လာပြီး အဘက်ဘက်တွင် ချို့တဲ့ဆင်းရဲလာသဖြင့် မကျေမနပ်မှုများ ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုသည်။

ထိုမကျေမနပ်မှုကြောင့် အဆိုပါတပ်ခွဲသည် လက်နက်ကိုယ်စီဖြင့် စခန်းမှထွက်ခွာလာခဲ့ပြီး လမ်းတလျှောက်ရှိ ဒီကေဘီအေတပ်စိပ်လေးများထံမှ လက်နက်များသိမ်းယူလာကာ အင်အားစုပေါင်း၍ မြိုင်ကြီးငူဌာနချုပ်သို့ ရောက်ခဲ့ကြသည်။ အင်အား (၆၀) ခန့်ရှိ အဆိုပါအဖွဲ့သည် မြိုင်ကြီးငူနှင့် တကောရွာအကြား တောင်ကုန်းတခုအရောက်တွင် မြိုင်ကြီးငူဘုန်းကြီးက ၎င်းတို့အဖွဲ့အား ပုန်ကန်သူများအဖြစ် သတ်မှတ်၍ အမြစ်ပြတ်ချေမှုန်းပြစ်ရန် ညွှန်ကြားခဲ့သည်ဟုဆိုသည်။

ထိုညွှန်ကြားချက်အရ ဒီကေဘီအေ ကိုးသုံးလုံး (၉၉၉)တပ်များက ဗဟိုလုံခြုံရေး တပ်ခွဲအား ဝိုင်းဝန်းတိုက်ခိုက်ခဲ့ရာ နိုဝင်ဘာ (၁၆)ရက် တနေ့လုံး တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ကြသည်။ နောက်ဆုံးတွင် ဗဟိုလုံခြုံရေးတပ်ခွဲမှ တပ်ခွဲမှူးအဆင့်ရှိသူ ဖားဒီကိုယ့်ကိုယ်ကိုသတ်သေသွားပြီး ပုန်ကန်သူ(၈) ဦးတို့ လက်နက်ချခဲ့ကြသည်ဟုဆိုသည်။ သို့ရာတွင် အဆိုပါ(၈)ဦးလုံးကို ဒီကေဘီအေ တပ်များက ကွပ်မျက်ပစ်လိုက်ပြီဖြစ်ကြောင်း ထိုင်းနယ်စပ်သို့ရောက်ရှိလာသည့် မြိုင်ကြီးငူဒေသခံတို့ အဆိုအရ သိရှိရသည်။

ထိုသို့ ဒီကေဘီအေတပ်များအချင်းချင်း ပုန်ကန်မှုများဖြစ်ပွားခဲ့သည်အတွက် အဆိုပါဒေသအား နအဖစစ်တပ် ခမရ (၂၀၃) က ဝင်ရောက်ထိန်းသိမ်းနေရာယူလိုက်ပြီး လက်နက်များဖြုတ်သိမ်းကာ ပုန်ကန်သူ ဒီကေဘီအေတပ်ဖွဲ့ဝင်များ၏မိသားစုများကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။

ဒီကေဘီအေတပ်များ အချင်းချင်းပုန်ကန်တိုက်ခိုက်မှုများဖြစ်ခဲ့ရသည့် အရေးနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာက နအဖလူမိုက်အဖြစ် မွေးထားသည့် လက်အောက်ခံ ဒီကေဘီအေခေါင်းဆောင်များမှာ ကြေးစားဖြစ်လာပြီး ချမ်းသာလာကြခဲ့ကြရာ နောက်လိုက်ရဲဘော်များနှင့် များစွာကွာဟသွားပြီး နောက်လိုက်များမှာ ဆင်းရဲငတ်ပြတ်လာသည့်အတွက် နအဖတပ်များနည်းတူ ယခုလိုပုန်ကန်မှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ နအဖသည် တိုင်းပြည်ကို အာဏာရှင်စနစ်ကျင့်သုံး၍ တတိုင်းပြည်လုံး အကျဉ်းစခန်းဖြစ်အောင်လုပ်ထားသည့် အဖွဲ့အစည်းဖြစ်သဖြင့် ယခုလို တပ်တွင်း ထကြွပုန်ကန်မှုများ ပြုလုပ်ခြင်းမှာ မှန်ကန်သည်ဟုယူဆကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

❖❖❖

# ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပြောကြားခဲ့သည့်
## လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ရှမ်းပြည်နယ် ခရီးစဉ်အတွင်း တောင်ကြီးမြို့ မင်းကျောင်းဝမ္ဘာရုံ၌ ပြောကြားခဲ့သော မိန့်ခွန်းအပြည့်အစုံကို "မိုးကြိုးသတင်းစဉ်"တွင် ဖော်ပြလိုက်ပါသည်။**

"ကျမတို့က အိမ်ဆောက်ရမှာ။ ကိုယ်နေမယ့်အိမ်ကို ကိုယ်ဆောက်သူတွေဆိုတော့ ပင်ပန်းတယ်။ ဒါပေမယ့်လည်း တနည်းအားဖြင့်ကြည့်လို့ရှိရင် ကိုယ်နေချင်တဲ့အိမ် ကိုယ်ဆောက်တယ်ဆိုတော့ ကိုယ်လိုချင်တဲ့ပုံစံ ဆောက်နိုင်တဲ့ အခွင့်အရေးရှိတယ်။ (လက်ခုပ်သံများ) အဲဒါအတွက် ဝမ်းသာကြပါ။ ကျမတို့ဟာ ကိုယ်လိုချင်တဲ့ပုံစံ တခါတည်း သေသေချာချာ ဗိသုကာထဲမှာဆွဲပြီး ဒီ့ကတော့ ဒီပုံစံပဲ၊ ဒီဟာကတော့ အဖေအတွက်၊ ဒီဟာကတော့ အမေအတွက်၊ ဒီဟာကတော့ ညီမအတွက်၊ ဒီဟာကတော့ အစ်ကိုအတွက်ဆိုပြီးတော့ ဒီမိသားစုအတွက် အဆင်ပြေဆုံးဖြစ်တဲ့ ပုံစံတခုဖြစ်အောင် ကျမတို့လုပ်နိုင်တဲ့ အခွင့်အရေး၊အဲဒီတော့ အဲဒီအခွင့်အရေးကို အလွဲသုံးစားမလုပ်ပါနဲ့၊ အဲဒီအခွင့်အရေးကိုယူပါ။ ကိုယ့်အိမ်ကို ကိုယ်ဆောက်ရလို့ဆိုပြီးတော့ အားမငယ်ပါနဲ့။ ကိုယ့်အိမ်ကို ကိုယ်ဆောက်ရလို့ဆိုပြီးတော့ ပင်ပန်းတယ်လို့မထင်ပါနဲ့။ ကိုယ့်အိမ်ကိုကိုယ်ဆောက်ရလို့ ကိုယ့်မှာထူးခြားတဲ့ အခွင့်အရေးရှိတယ်ဆိုပြီးတော့ အဲဒီလို စိတ်ထဲထားပြီးတော့ ကျမတို့အနာဂတ်မှာ မျိုးဆက်သစ်တွေ တခုပြီးတခု အေးအေးချမ်းချမ်း လုံလုံခြုံခြုံနဲ့ နေနိုင်တဲ့ ပြည်ထောင်စုကြီးကို ဒို့တတွေ အားလုံးတူတူ တည်ဆောက်မယ် ဆိုတဲ့ စိတ်ဓာတ်တွေ မွေးပါလို့ ကျမမေတ္တာရပ်ခံချင်ပါတယ်။" (လက်ခုပ်သံများ)



ဒီမိုကရေစီစနစ် ထူထောင်တဲ့နေရာမှာ ရှမ်းပြည်နယ်ဟာ အဓိကကျတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျမတို့ရှမ်းပြည်မှာ ဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးစုတွေဟာ သိပ်ပြီးတော့စုံတယ်၊ သိပ်ပြီးတော့များတယ်၊ နောက်ပြီးတော့လည်း အမျိုးမျိုးအဖုံဖုံနဲ့ တယောက်တမျိုးပဲ။ အဲဒီတော့ ဒီလိုအမျိုးမျိုးအဖုံဖုံနဲ့ တယောက်တမျိုး လုပ်လို့ကို ဒီလိုအမျိုးမျိုး အဖုံဖုံလုပ်လို့ကမတူညီတဲ့ သဘောတရားတွေကို ဘယ်လိုညှိနှိုင်းနိုင်မလဲ ပညာတွေလည်း ပွားနိုင်တယ်။ အဲဒီတော့ ကျမတို့ ဒီရှမ်းပြည်နယ်မှာရှိတဲ့ ပြည်သူလူထုဟာ ပြည်ထောင်စုသားတွေဆိုတာ ခေါ်ပါရစေ။ ရှမ်းပြည်နယ်မှာရှိတဲ့ ပြည်ထောင်စုသားတိုင်း ကြိုးစားကြပါ။ ကိုယ့်ကိုယ်ကို ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ဒီမိုကရေစီ ပြည်ထောင်စုကြီးတခု ဖြစ်ပေါ်ဖို့အတွက် ရှေ့ပြေးလုပ်ဆောင် နေတဲ့ ရဲဘော်တွေအနေနဲ့စိတ်ထဲမှာ ထားကြပါ။ အဲဒီလိုစိတ်ဓာတ်နဲ့ လုပ်မယ် ဆိုလို့ရှိရင် ကျမတို့မုချအောင်မြင်မှုကို အမြန်ဆုံးရမှာပါ။ အောင်မြင်မယ်လို့ ကျမတထစ်ချယုံကြည်တယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျမတို့လိုချင်တဲ့ ပြည်ထောင်စုနဲ့ ကျမတို့လုပ်ချင်တဲ့ ကိစ္စမျိုးဟာ အများကိုအကျိုးပြုမယ့်ကိစ္စ၊ ဘာမှ ဘယ်သူ့ကိုမှ ကျမတို့ထိခိုက်ချင်လို့၊ နစ်နာစေချင်လို့ လုပ်နေတာမဟုတ်ဘူး။ ကျမတို့ ပြည်သူပြည်သားတွေကို အကျိုးပြုချင်လို့ပဲ။ ဒါကြောင့်မို့လို့ ပြည်သူပြည်သားတွေကို အကျိုးပြုချင်တဲ့ကိစ္စလည်းဖြစ်တယ်။ ပြည်သူပြည်သားအများစုရဲ့ ဆန္ဒနဲ့ကိုက်ညီတဲ့ ကိစ္စလည်းဖြစ်တယ်။ ဒါကြောင့်မို့လို့ မုချအောင်မြင်မယ်ဆိုတာ ကျမယုံကြည်တယ်။ (လက်ခုပ်သံများ)

ဒါပေမယ့် အချိန်ကလည်း စကားပြောသေးတယ်။ ဒီမေးခွန်းက မြန်မြန်အောင်မြင်မလား၊ နှေးနှေး အောင်မြင်မလားပေါ့။ အဲဒီတော့ (လက်ခုပ်သံများ) မြန်မြန်ရအောင် အားလုံးကြိုးစားရမယ်။ မြန်မြန်ရအောင်တော့ အားလုံးဝိုင်းပြီးတော့ ကြိုးစားရမယ်။ အားလုံးကဝိုင်းပြီးတော့ ကြိုးစားမယ်ဆိုလို့ရှိရင် မြန်မြန်ရမယ်။ အများက နေပြီးတော့ ဒီအဖွဲ့ကပဲ လုပ်ပါလိမ့်မယ်လို့ ယူဆလို့ရှိရင် အဲဒီလိုဆိုရင် ပိုပြီးတော့နှေးမယ်။ ကျမ ခဏခဏ ပြောဘူးပါတယ်။ လှေထဲမှာ သွားနေသလိုပေါ့။ တက်ညီလက်ညီဆိုတာ လှေထဲမှာ လူ(၂၀၀)လောက်ရှိလို့ရှိရင် အားလုံးလှော်ရင်တော့ ဒီလှေကြီးဟာ မြန်မြန် ကိုယ်လိုချင်တဲ့ခရီး ရောက်မှာပေါ့။ လှော်တဲ့လူက (၂)ယောက်၊ စီးတဲ့လူက (၁၉၈)ယောက်ဆိုရင် သိပ်မလွယ်ဘူးပေါ့။(ရယ်သံများ) သက်ဆိုင်ရာအားလုံးကနေပြီးတော့ ကိုယ်လက် လှုပ်ရှားမှုရှိရာ၊ လက်လှုပ်ရှားမှုရှိရာ တက်ဆွဲပြီးတော့ လှော်ကြတာပေါ့။ တခဏကိစ္စ မဟုတ်ဘူး။ ကျမတို့ နိုင်ငံရဲ့ရှေ့ရေး၊ ကျမတို့နိုင်ငံရဲ့ အနာဂတ်၊ ဒီကမ္ဘာကြီးတည်သရွေ့နော်....ကမ္ဘာကြီးတည်သရွေ့ ကျမတို့နိုင်ငံဟာ ဘယ်လိုအနေ အထားနဲ့ ဖြစ်သွားစေချင်သလဲဆိုတဲ့ ပုံစံကျတဲ့ပုံလား၊ အဲဒါကြီး တခဏလိုက်ခဲ့ပါဆိုတာနဲ့ စာလို့ရှိရင် ဘာမှကြောက်စရာအကြောင်းမရှိဘူး။(ရယ်သံများနှင့် လက်ခုပ်သံများ) တခဏပဲဆိုတာဆို နောက်ပါသွားပြီး။(ရယ်သံများ) အဲဒါကျမတို့ထဲမှာ ဆိုလို့ရှိရင် တခဏမဟုတ်ဘူး နှစ်ပေါင်းများစွာ လိုက်သွားခဲ့ရတဲ့သူတွေလည်း ရှိပါတယ်။ (ရယ်သံများနဲ့ လက်ခုပ်သံများ) ကျမနားမှာ ရပ်နေတဲ့သူတွေထဲမှာဆိုရင် တခါမှ မလိုက်သွားရတဲ့သူ မရှိဘူး ထင်တယ်။ (ရယ်သံများ)

လိုက်သွားရတဲ့သူတွေချည်းပဲ။ အဲဒီတော့ လိုက်သွားရတော့ ဘာဖြစ်သလဲ ဆိုတော့ ပိုပြီးတော့ရင့်ကျက်လာတယ်။ ဘယ်နေရာမဆို ကိုယ့်မှာတကယ်ပဲ စိတ်ရှိလို့ရှိရင် ဆန္ဒရှိလို့ရှိရင် ကိုယ်လုပ်ချင်တဲ့လုပ်ငန်းအတွက် အထောက်အကူပြု အောင်တော့လုပ်နိုင်တယ်။ လိုက်သွားလိုက်ဆိုတာ လိုက်သွားလိုက်တဲ့အခါကျတော့ ကိုယ့်စိတ်ကိုလေ....အင်အားပိုပြီးတော့ ကြီးလာဖို့ မွေးမြူနိုင်တဲ့ အခွင့်အရေးတွေအများကြီး ရတယ်နော်။ အဲဒါ တော်ရုံတန်ရုံတော့ မပယ်လေနဲ့။ နောက်ဆုံးတော့ ကိုယ့်စိတ်ပဲ၊ ကိုယ့်စိတ်ကိုကိုယ် ခိုင်မာအောင် လုပ်မလား၊ ကိုယ့်စိတ်ကို ပိုပြီးတော့ ယိမ်းယိုင်အောင်လုပ်မလားဆိုတာ ကိုယ့်အပေါ်မှာပဲ မူတည်တယ်။ မကြောက်ဘူးလား၊ ကြောက်သလား ဆိုတာ ကိုယ့်ပေါ်မှာပဲ မူတည်တယ်နော်။ ခြောက်တဲ့သူအပေါ်မှာ မူမတည်ဘူး။ ခြောက်တဲ့သူက ဘယ်လိုပဲလုပ်လုပ် ကိုယ်ကြောက်ရင် ကြောက်တယ်၊ ကိုယ်မကြောက်ရင် မကြောက်ဘူး။ (လက်ခုပ်သံများ) ကံ ကံ၏အကျိုးပေါ့။ ကိုယ့်ကံကြမ္မာကို ကိုယ်သာလျှင် ဖန်တီးတာပဲ၊ တခြားဘယ်သူကမှ ဖန်တီးတာမဟုတ်ဘူး။ ကိုယ်သာလျှင် ဖန်တီးတာပဲ၊ ဟိုလူကလုပ်လိုက်လို့ဆိုတာ မဟုတ်ဘူး။ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးတာပဲ။ အဲဒီလိုယုံကြည်မှု ကိုယ့်ကိုယ်ကိုယုံကြည်မှု ရှိရမယ်။ ဆိုတော့ တရားသဘောနဲ့လည်း ကြည့်နိုင်တယ်။ ဒီလောကကြီးဟာ အားလုံးကတော့ အနိစ္စသဘောတရားကြီးပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ့၊ ဘယ်သူမှမရှောင်နိုင်ဘူး။ ဒါတရားသဘောအရ ပြောရမယ်ဆိုလို့ရှိရင် အားလုံးဟာအနတ္တပဲ။ ဒါကိုယ်ဖြစ်စေချင်တာလဲ မဖြစ်ဘူး၊ ကိုယ်မဖြစ်စေချင်တာလဲ ဖြစ်တယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကိုယ်ကဒါကို တရားသဘောနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ကိုယ့်အတွက်အကျိုးအမြတ် ဖြစ်နိုင်တာလား၊ အများအတွက် အကျိုးအမြတ်ဖြစ်နိုင်တာလား၊ အဲဒါကြောင့်မို့လို့ ကိုယ့်စိတ်ကို ခိုင်ခိုင်မာမာထားပါ။ ဒါက စိတ်ပဲနော် စိတ်တခုပဲ။ လူဆိုတာ စိတ်တခုတည်း ဒါပေမယ့် မစွမ်းသန်တဲ့ လူတွေကျတော့ တယောက်နဲ့တယောက် မတူဘူး။ ကျမမြင်ဖူးပါတယ်။ အိပ်ယာထဲမှာ ပက်လက်လဲနေတဲ့သူတွေ၊ လူ(၂)ယောက်ဆိုလို့ရှိရင် အခြေအနေချင်းမတူဘူး။ တချို့က အိပ်ယာပေါ်မှာ ပက်လက်လဲနေပေမယ့် စိတ်ဓာတ်မကျဘူး၊ ခုလိုစေတနာနဲ့ မေတ္တာနဲ့ကြည့်နေသူတွေ ရှိပါလားဆိုပြီးတော့ စိတ်ချမ်းသာတဲ့ သူတွေရှိတယ်။ တချို့ကျတော့ အိပ်ယာပေါ်မှာ ပက်လက်နေရင်း ကိုယ့်ကိုယ်ကို သနားပြီးတော့ ငါ့မှာတော့ဒုက္ခဆိုပြီးတော့ ဘေးကလူတွေ နေလို့ထိုင်လို့ မရအောင်လို့ တချိန်လုံး မြည်တွန်တောက်တီးနေတဲ့ ငြီးငြူနေတဲ့ သူတွေရှိတယ်။ အဲဒါသူ့စိတ်ပဲ၊ တကယ်တော့ အိပ်ယာပေါ်မှာ လဲနေတာချင်းတူတူပဲ။ အဲဒါကြောင့်မို့ အားလုံးကနေပြီးတော့ ကိုယ့်စိတ်သာလျှင် ကိုယ့်ကိုဆောင်တယ်ဆိုတာကိုတော့ သတိပြုကြပါ။ အပြင်လူတွေကို သိပ်ပြီးလက်ညှိုးမထိုးနဲ့။ ဒီလူလုပ်လုပ်၊ ဟိုလူလုပ်လုပ် ကိုယ့်ဟာကိုယ် လုပ်တဲ့သူကတော့ လုပ်လိုက်ပြီ။ အဲဒီတော့ ငါ့အနေနဲ့ ဒီဟာကိုဘယ်လိုရင်ဆိုင်မလဲ။ ဘယ်လိုပုံစံနဲ့ အခက်အခဲတွေ ငါကျော်လွှားမလဲ။ အဲဒါ ကိုယ့်ကိုယ်ကို ဆုံးဖြတ်နိုင်တယ်။ ကိုယ့်စိတ်ကို ကိုယ်ပဲပိုင်တယ်။ တခြားဘယ်သူမှ မပိုင်ဘူး။ အဲ ကိုယ့်ခန္ဓာကိုတော့ တခြားဘယ်သူ ဘာလုပ်လုပ်၊ ကိုယ့်စိတ်ကို ကိုယ်တဦး တယောက်တည်း ပိုင်တယ်ဆိုတာကိုတော့ ဘယ်တော့မှ မမေ့ပါနဲ့။ အဲဒါကြောင့်မို့လို့ အရှုံးမပေးချင်တဲ့စိတ်၊ အနိုင်မခံ အရှုံးမပေးတဲ့စိတ်မျိုးကို မွေးမြူကြပါ။ ကောင်းတဲ့ဘက်က မွေးမြူကြပါ။ ဒီစိတ်ကို ကောင်းတဲ့အတွက် သုံးကြပါ။ အကောင်းဘက်သုံးကြပါ။ အဲဒီလို သုံးမယ်ဆိုလို့ရှိရင် ကျမတို့အများကြီး ခရီးရောက်နိုင်တယ်။ နေ့ချင်းညချင်း ဒီလိုဖြစ်မလားဆိုတော့လည်း မဖြစ်ဘူး။ ကျမတို့လည်း တချိန်လုံး ကြိုးစားရတာပါပဲ၊ အဲ ကျမတို့ ပုထုဇဉ်လူသားတွေပဲ။ ရဟန္တာတွေမှမဟုတ်ပဲ။ အားနည်းချက်တွေရှိတာပေါ့။ တခါတလေလည်း မှားသွား

စာမျက်နှာ ( ၉ ) သို့ -



## အမေ့ပိုးတိုင် မငြိမ်းနိုင်

မရေမရာ အပူခေတ်မှာ
အမေမာ လူဖြစ်ခဲ့ရ
ဝေဒနာ ဖြူဖြူသစ်ခဲ့ပေါ့
ပြေရွာကို သူချစ်ခဲ့တယ်လေ။

အရှည်ခရီး မိုင်အမှောင်
တထောင် တကုဋေမှာ
အမေ ပုတီးနဲ့
ကလောင်ကိုင်နိုင်ပါစေ။

လူ့ရွာရပ်က သူ့စာဖတ်တွေကို
ကရုဏာဓာတ် ရေစင်ဖျန်းပြီး
ရွှေရင်လန်းစေခဲ့တဲ့ တို့အမေ။

သူ့မီးတိုင် တို့ရင်တွင်း
အမြဲလင်းလို့နေ။

အမေမာဆိုတဲ့ အမာ မေမေ
မာစေ သာစေ၊ ဆယ်ကမ္ဘာမြေ
ဘယ်အခါ မသေ
ဘယ်အခါမျှ မသေ
တကယ် ထာဝရ အမေ။

(အမေလူထုဒေါ်အမာရဲ့
၈၇ နှစ်ပြည့် မွေးနေ့သို့)

တင်မိုး

# ပိုးကြိုးဆရာ အယ်ဒီတာသို့ .....



**တင်မိုး**

> **"...... အော် ... ဗိုလ်ချုပ်မြေကလဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အတော်တူတာပဲ။ ရိုးသားပြီး အမျိုးချစ်သူတိုင်း အတူတူပါပဲလား။**
>
> **တနေ့နေ့မှာ ဗိုလ်ချုပ်မြတို့လို၊ ဒေါ်အောင်ဆန်းစုကြည်တို့လို ခေါင်းဆောင်တွေ မြန်မာနိုင်ငံကိုဦးဆောင်ခဲ့ရင် ဘာမှပူစရာ မလိုတော့။**
>
> **ရိုးသားတဲ့ ခေါင်းဆောင်မှုအောက်မှာ ညီညွတ်ရေးလည်း ခိုင်မြဲမှာပဲ။ "......**

(၁)

သောင်ရင်းမြစ်ကမ်း တောင်တန်းပြာပြာ နဲ့ စခန်းသာတဲ့ လွမ်းစရာ့တနေရာ ရောက်လာတယ်။ ကရင်အမျိုးသား ငါတို့ ဆွေမျိုးများရဲ့ နှစ်သစ်ကူးပွဲတော်။

ကရင်အမျိုးသား ရိုးရာဝတ်စုံတွေနဲ့ ကိုယ့်မြေပေါ်မှာ ပျော်ရွှင်စွာကျင်းပတယ်။ ကရင်မုန့်ဟင်းခါးကလည်း စားလို့အကောင်းသား။ စကားချိုချိုနဲ့ စားစေလိုတဲ့စေတနာ၊ ပျူပျူငှာငှာ ဖိတ်ခေါ်သံကြောင့် သောင်ရင်းမြစ်ရေစီးသံနာခံရင်း မုန့်ဟင်းခါး အဝစားခဲ့ပါတယ်။ ကောင်းလေစွ။

ဟန်မဆောင် ပန်မဆောင် ပန်းကန်ပြောင်အောင် စားလေကြိုက်လေ။

ကရင်လူမျိုး ရိုးသားမှုပြည့်။ သူတို့အမူအရာ သဒ္ဒါကြည်ဖြူ လာသူတိုင်းကျွေး ပျံ့မွှေးပါဘိ။

ငှက်သံ ကျေးသံ စမ်းရေသံနဲ့ တောင်ယံပြာမြ အလှကြီးလှတဲ့ နေရာမှာ ရိုးရာပွဲတော်နွှဲပျော်ကြပါတယ်။ အခမ်းအနားစတော့ ဗိုလ်ချုပ်မြက မိန့်ခွန်းချွေ၏။

ဗိုလ်ချုပ်မြကို ပထမဆုံးအကြိမ် မြင်ဖူးတွေ့ဖူးခြင်းပါပဲ။ လူကိုမြင်ရုံနဲ့ ရင်းနှီးသွားပါတယ်။ သူမျက်နှာမှာ အပြစ်ကင်းစင်တယ်။ ကလေးငယ်ရဲ့ ဖြူစင်ပုံမျိုး ပေါ်ပေါက်နေတယ်။ သူစကားသံက တကယ့်အရိုးခံ အဆင်တန်ဆာမပါ။ အလင်္ကာမသုံး။ အရပ်သုံး လူထုသုံး စကားနဲ့ (ဒွဲ့ဒိုး)တဲ့တိုးပြောတယ်။ ထင်းခနဲ လင်းခနဲ နားလည်လွယ်တယ်။

စကားကတော့ တိုတိုပါပဲ။ တိုပေမယ့် အသားပါတယ်။ ပြည့်စုံတယ်။ သွယ်သွယ်ဝိုက်ဝိုက်မရှိ။ ပကတိအတိုင်း ရင်ထဲစကားကိုပဲ ပြောတယ်။

အော် .... ဗိုလ်ချုပ်မြကလဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အတော်တူတာပဲ။ ရိုးသားပြီး အမျိုးချစ်သူတိုင်း အတူတူပါပဲလား။

အားရမိတယ်။ ကြည်နူးမိတယ်။ တို့နိုင်ငံမှာ တကယ့် မျိုးချစ်ပုဂ္ဂိုလ်တွေ ရှိသေးတယ်။ နောင်ရေး စိတ်အေးရမယ့် ခေါင်းဆောင်ကောင်းတွေပါလား။

ကျနော်တို့နိုင်ငံမှာ 'တရားတတ်၍မစောင့် စကားတတ်၍မဖြောင့်'ဆိုတဲ့ ခေါင်းဆောင်တွေများခဲ့တယ်။ ရိုးသားဖြောင့်မတ်တဲ့ ခေါင်းဆောင်ရှားတယ်။ ဉာဏ်နီဉာဏ်နက်တွေ၊ လျှို့ဝှက်လက်သီးပုန်း အကောက်ဉာဏ်သုံးပြီး ဆင်လုံးတွေသုံးတတ်မှ ခေါင်းဆောင်ထင်နေဟန်တူတယ်။ ကလိမ်ကညစ် ကောက်ကျစ်စဉ်းလဲတဲ့ စစ်သူရဲတွေဟာ ခေါင်းဆောင်ကောင်းမဟုတ်။

တနေ့နေ့မှာ ဗိုလ်ချုပ်မြတို့လို၊ ဒေါ်အောင်ဆန်းစုကြည်တို့လို ခေါင်းဆောင်တွေ မြန်မာနိုင်ငံကို ဦးဆောင်ခဲ့ရင် ဘာမှပူစရာ မလိုတော့။ ရိုးသားတဲ့ ခေါင်းဆောင်မှုအောက်မှာ ညီညွတ်ရေးလည်း ခိုင်မြဲမှာပဲ။ နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မှာပဲ။ ပြည်သူတွေကလည်း ခေါင်းဆောင်တွေပြောသမျှ လိုက်နာပြီး လုပ်ကိုင်ကြမှာပဲ။

ကျနော့်စိတ်ထဲမှာ အကျေနပ်ကြီးကျေနပ်မိပါတယ်။ ဒါကြောင့် ကဗျာစပ်မိတယ်၊ စပ်မိပုံကဒီလိုပါ။

### 'လိုရင်းတိုရှင်း မိန့်ခွန်း'

မင်းတို့လည်း မှားတယ်
ငါတို့လည်း အမှားရှိတာပဲ
အမှားတွေ ဖျောက်ပြီး
တံခါးပေါက် ဖွင့်ကြစို့ ....
ဗမာကို တိုက်တာ မဟုတ်
စစ်အာဏာရှင်စနစ်ကို တိုက်တာ....
အိုးခွဲ အိမ်ခွဲ နိုင်ငံခွဲဖို့ မဟုတ်
တအိုးထဲ တအိမ်ထဲမှာ
သွေးမကွဲဘဲ ခွင့်တူညီမျှ
တရားသဖြင့် ရစေဖို့ ....
လွတ်လပ်မှုနဲ့ လူ့အခွင့်အရေး
တပြေးတည်းရဖို့ ....
ဖက်ဒရယ်ပြည်ထောင်စုကို
ညီနောင်ထုနဲ့ ထူထောင်ဖို့ ....
တို့ညီအကိုချင်း
အမုန်းပွားပြီး
နှလုံးသားတင်စရာ မလို
ချစ်ခင်လက်တွဲ အမြဲအတူနေ
တမြေထဲသား မခွဲခြားဘူး
တရားမျှတ ကျင့်သုံးကြ
ငါပြောချင်တာ ဒါပဲကွ
အဲ့ဒါ ဗိုလ်ချုပ်မြ....

*၂၀၀၁ ခုနှစ်၊*
*ကရင်အမျိုးသားနေ့*
*ပွဲတော်မိန့်ခွန်းကို သတိတရ....*
၃၀၊၁၊၂၀၀၂

(၂)

မြန်မာ့သမိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဟာ သူ့စိတ်ထဲက အရှိအတိုင်း မိန့်ခွန်းကို လိုရင်းတိုရှင်း ပြောတတ်သူလို့ နာမည်ကြီးပါတယ်။

သူ့ရဲ့ ၁၉၄၅ ခု တော်လှန်ရေးနေ့ စစ်ထွက်မိန့်ခွန်းဟာ အတိုဆုံးမိန့်ခွန်းအဖြစ် ကျော်ကြားပါတယ် "အနီးကပ်ဆုံးရန်သူကိုရှာ တိုက်ကြ"ဆိုတဲ့ ထိမိတဲ့လမ်းညွှန်ချက်ပါတဲ့ မိန့်ခွန်းပါ။

သူ့မိန့်ခွန်းမှာ စကားလှချင်လှ၊ မလှချင်နေ စကားလုံးကို ယဉ်အောင်ရွေးမပြောဘူး။ ရိုင်းချင်ရိုင်းပစေ၊ သူပြောချင်ရာကို ပြောချလိုက်တာပဲ။ ဒါပေမယ့် ပြည်သူတရပ်လုံးက စေတနာမရိုင်းတဲ့ ဗိုလ်ချုပ်စကားကို အသဲစွဲမှတ်မိနေကြပါတယ်။

သတင်းစာဆရာတွေကို 'ဆိတ်လစ္စေ့'လို့ တစ်တစ်ခွခွပြောခဲ့တယ်။ တိုင်းရင်းသားချင်း တကွဲတပြားလုပ်နေကြရင် 'ဖာသည်နိုင်ငံကြီး ဖြစ်သွားမယ်'လို့ ပြောချလိုက်ပါတယ်။ အချင်းချင်းညစ်ချင်တဲ့စိတ်၊ အောင်ပွဲမရခင် လက်မထောင်ချင်တဲ့စိတ်ကို ဗမာ့စောက်ကျင့်တွေ ဖျောက်ကြ'လို့ ဆုံးမတယ်။

အခုခေတ်မှာ ဗိုလ်ချုပ်မြတို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ဟာလည်း စေတနာအရင်းခံနဲ့ မှန်တာကို အပိုအလိုမရှိ ပြောလေ့ရှိတာ တွေ့ရတယ်။

(၃)

ဝန်ကြီးချုပ်ဦးနုဟာ မိန့်ခွန်းအပြောကောင်းတဲ့ ခေါင်းဆောင်တဦးပါ။ သူ့မိန့်ခွန်းတွေဟာ ဂုဏ်ဝင်မြောက်ပါတယ်။ စကားအရာ အင်္ဂါလေးတန်နဲ့ အခြေခံပါတယ်။ အချက်အလက် အကိုးအကားနဲ့ ခိုင်မာတဲ့မိန့်ခွန်းများပါ။ ဒီလို တန်ဖိုးရှိတဲ့မိန့်ခွန်းများကို မြွက်ကြားလမ်းညွှန်နိုင်ပေမယ့် ဒီမိန့်ခွန်းတွေအတိုင်း လက်တွေ့အကောင်အထည် မဖော်နိုင်တော့ မပြောင်မမြောက် ဖြစ်ခဲ့ရရှာပါတယ်။ သူ့ရဲ့ 'ပြည်တော်သာ'မိန့်ခွန်းများ၊ အိမ်စောင့်အစိုးရလက်ထက် 'မေဒေးနေ့'မိန့်ခွန်းများဟာ ပြောင်မြောက်လှပေမယ့် သတိတရ တမ်းတမခံရတဲ့ မိန့်ခွန်းဖြစ်ခဲ့ရတာ နှမြောစရာပေါ့လေ။

(၄)

နှစ်ပေါင်းလေးဆယ်နီးပါးခန့် နိုင်ငံကို ကြိုးကိုင်ခဲ့ပေမယ့် မိန့်ခွန်းတူတူတန်တန် မပြောတတ်သူက စစ်ဘုရင်ကြီးဦးနေဝင်းပါ။ 'သို့သော်လည်း....တဲ့ ....အဲ....တဲ့....ဟိုဒင်းလေ....'ဆိုတာတွေနဲ့ မိုးလင်းခဲ့ရတဲ့ မိန့်ခွန်းများပါ။ ဒါပေမယ့် အပြောင်မြောက်ဆုံး သူပြောသွားတဲ့ မိန့်ခွန်းလည်း ရှိပါတယ်။ ဒါက ၁၉၈၈ ခုမှာ သူ ရာဇပလ္လင်ပေါ်က ဆင်းပြီး ကန့်လန့်ကာနောက်ကွယ် ဝင်ခါနီး ပြောတဲ့ မဆလ နောက်ဆုံးမိန့်ခွန်းပါ။

'စစ်တပ်ဆိုတာ မိုးပေါ်ထောင်ပစ်တာ မဟုတ်ဘူး၊ တည့်တည့်ပစ်တာ'တဲ့ ခင်ဗျာ။ သမိုင်းမပြောင်ပါလား အရပ်ကတို့ ....။

(၁၉–၂–၀၂)

# 'ခြောက်' တိုက်မှာ 'လောက်' ကိုက်တာ ခံဖူးသလား

**ဝင်းတင့်ထွန်း**

**ယခင်လမှအဆက်**

စစ်ကြောရေးတုန်းက ရွှေကျီးရဲ့ ကောက်ကျစ်ကျစ် ကျီးကန်းမျက်လုံးတွေနဲ့ မဆီမဆိုင် စွပ်စွဲချက်တွေကိုလဲ သွားသတိရ နေမိ ပြန်တယ်။

"ဘာမှမဆိုင်ဘူး။ ဘာမှမပတ်သတ်ဘူး။"

ကျနော့်အော်သံအဆုံးမှာ ....

"မအေ....၊ မင်းက ဘူးတလုံးဆောင် အိုတောင်မဆင်းရဲဆိုတာ မှတ်ထားပြီး ပြော နေတာလား။ ဒီမယ် ဒို့ဆီမယ် ဘူးတလုံးဆောင် အိုတောင်မဆင်းရဲ မဟုတ်ဘူးကွ။ ဘူးတလုံး ဆောင် သေတောင် အလောင်းမလှ ဖြစ်သွား မယ်။"

ရွှေကျီးရဲ့ စုတ်ချွန်းချွန်း မျက်နှာဟာ ကျနော့်အမှတ်သညာထဲ ချက်ချင်း ဘီလူးရုပ် ကြီး ပြောင်းသွားနေပြန်တယ်။ အစွယ်ကြီးမှ ပြူးလို့။ ကျနော် အံကြိတ်ထားလိုက်မိတယ်။

"ဟို လေထီးအုံးမောင်ဆိုတဲ့ ကောင်ကြီး နဲ့ ကုလားကြီး ရာဂျန်ဆိုတာကော မင်းနဲ့ ဘယ်လိုပတ်သက်သလဲ။"

"ဘာမှ မပတ်သက်ဘူး။"

"ဘာကွ မအေ....။ ဘာမေးမေး မပတ် သက်ဘူး။ မသိဘူး။ ပြီးတော့ သူ့အမှား သူ မြင်ပြီး အမှန်အတိုင်း ဒို့ကိုအကုန်ဖော်ပြော နေတဲ့ကောင်ကိုလဲ မင်းကလျှောက်မဖော်နဲ့ သတ်မယ်လို့ ကြိမ်းတယ်ဆို။ ဒီမယ် မင်းလို ကောင်မျိုးကိုသာ ဒို့ကသေအောင်သတ်ချင်တာ။ တဖြည်းဖြည်းလေးနဲ့ မင့်ဟာမင်း သေသွား စေရမယ်။"

ရွှေကျီးက ကျနော့်အပေါ် ဘယ်တုန်း ကမှလဲ ဘာကိစ္စနဲ့မှလဲ မပတ်သက်ဖူးပါလျက်နဲ့ အငြိုးကြီးကြီး ပြောဆိုနေခဲ့တာကိုလဲ သတိရမိ ပြန်တယ်။ စစ်ခန် နှလုံးသားထဲက နာကျင်သွား သလို၊ တင်ပါးကလဲ နာသလိုလို ခံစားလိုက်ရ တယ်။ အိပ်ပျော်သလို ဖြစ်သွားရာက မျက်စေ့ ပွတ်ပြီး ကြည့်လိုက်မိတော့ လောက်တကောင် တင်ပါးကို လာတိုးနေပါကလား။ ဟာ.... ခြေထောက်မှာလဲ လေးငါးကောင်။ တလှုပ်လှုပ် နဲ့ လူကို ဈေးတုံးကြီးလို့များ ထင်နေသလား။

ဖျတ်ကနဲ လက်နဲ့ခါချလိုက်မိပြီး မတ်တပ် ရပ်လိုက်တုန်းမှာ ရှေ့တည့်တည့်က သစ်သား တံခါးမကြီးပေါ် 'ချပ်'ကနဲ အသံကြားလိုက်ရ ပြီး ခြောက်လက်မ သုံးလက်မလောက် အလင်း တန်းလေးပေါ်လာတယ်။ ချောင်းပြီးကြည့်နေတဲ့ လူကြည့်ပေါက်ကလေးပါလား။ နောက်.... ခပ်ဝါးဝါး ဖြစ်သွားတယ်။ မျက်နှာကြီး ထိုးကပ် လိုက်တဲ့အတွက် လင်းနေရာက မှောင်သွားတဲ့ သဘော။ မျက်လုံးတစုံ။ အင်မတန်မှ ကောက် ကျစ်စဥ်းလဲတဲ့ မျက်လုံးသေးသေးလေးတစုံ။ သိတာပေါ့၊ မျှောက်အိုကြီးမျက်လုံး။ နဖူး ကြောရှုံ့ရှုံ့ကြီးတွေ ကြားထဲက မျက်လုံး။

"(၆) တိုက်မှာ လောက်ကိုက်တာ ခံချင် သလားဟေ့"

ငှက်ဆိုးထိုးသံပြပြကြီး ထွက်လာပြီးနောက် ချပ်ကနဲ လူချောင်းကြည့်တဲ့ အပေါက်လေး ပိတ်သွားပါတယ်။

************

(၅)တိုက်မှာနေတုန်းကလို 'ကိုဒါသရေ.... ကိုဒါသရဲ့' 'မပဋ္ဌာရေ....မပဋ္ဌာရဲ့'ဆိုတဲ့ အသံတွေလဲ မကြားရတော့။ ဦးလေး ဦးရှုတင်ရဲ့ "မုံ့ဆီကြော်၊ မုံ့ဆီကြော် ကိုယ်တိုင်လုပ်တဲ့ မုံ့ဆီကြော်"ကိုလဲ နားမဆင်ရတော့။ ဘာဂျာ စိုးမြင့်ကြီးရဲ့ မြို့ပြအရပ်ဟာလဲ .... မအေးမြပါလားလေ" ဆိုတဲ့ ခြေဆင်းလေးနဲ့ စလိုက်တဲ့ 'မြို့ပြနိဒါန်း' သီချင်းသံနဲ့လဲ နဲနဲလေးမှ ဆက်စပ်ခွင့် မရတော့။

အပြင်ဘက်မှာ မိုးရွာနေတာကို အာရုံ အသိက လှမ်းမြင်နေတယ်။ (၅) တိုက်ရှေ့က အကောင်တွေက ဈေးတုံးမှတ်ပြီး တက်ကြတာ။ ထိုးကြ ဆိတ်ကြ ကိုက်ကြ ဖွဲ့ကြတာနေမှာ။ ငါသတ်လိုက်ရင် သေရှာမှာပဲ။ ဒီလောက် ဒုက္ခ ရောက်နေတဲ့ဘဝကြီးမှာ ထပ်ပြီး အကုသိုလ် မယူသင့်ဘူး။ သူတို့လဲ တရက် ရှင်ခွင့်ရရင် တရက် ရှင်ချင်မှာပဲ"လို့ သနားသွားမိပြီး သတ်ပစ်ရေး အစီအစဥ်ကို အချိန်မီ ရုပ်သိမ်း လိုက်မိပြန်တယ်။

ခက်တာက ကိုယ်ကမသတ်တော့လဲ သူတို့က ပိုပိုပြီးများများလာတယ်။ ဘယ်တော့ မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ရတယ် မရှိပါဘူး။ အိပ်ချင်လွန်းလို့ ဒေါင့်ကွေးလေးမှာမှီပြီး အိပ်လိုက်ရင် စစ်ကနဲ စစ်ကနဲဖြစ်ပြီး လန့် လန့်နိုးလာရတာချည်းပါပဲ။ မျက်စေ့ကိုပွတ်

> **... အာရုံတွေကို ဖော်ကြည့်၊ ပြင်ပလောကကြီးကို စိတ်ပန်းချီ အရောင်သွင်းကြည့်၊**
> **ငါ့ကြောင့် သူများတွေ ဒုက္ခမရောက်ကြပါစေနဲ့၊ ဒီထောင်ထဲကို ဆွဲသွင်းမခံရပါစေနဲ့။**
> **ဘယ်တော့မှ သစ္စာဖောက်ဆိုတဲ့နာမည်၊**
> **အလကားကောင်ဆိုတဲ့နာမည် မရပါစေနဲ့ဆိုတာ စိတ်ထဲမှာ အကြိမ်ကြိမ်ရွတ်။**
> **ဝင်ရက်ရှိရင် ထွက်ရက်ရှိရမှာပေါ့ဆိုတာ ယုံကြည်ရင်း**
> **အမှောင်ရှိရင် အလင်းရှိရမှာ ပေါ့ဆိုတာ ယုံကြည်ရင်း အားမာန်သွင်းကြည့် ...**

လှမ်းကြည့်လိုက်ရင် မိန်းမဆောင်တွေဘက် ဆီက ကုက္ကိုပင်ကြီးရဲ့ အကိုင်းအခက်တွေ ဘယ်ညာ လှုပ်ယမ်းနေတာကိုတောင် လှမ်းမြင် နေတယ်။ အမိုးပေါ်မှာ မိုးစက်သံတွေက တ ဖျောက်ဖျောက်မို့လား။ မိုးရွာခါနီး ပွေးထူထူ ရှိတဲ့လူတွေ ပိုယားလာသလို အပြင်မှာမိုးရွာ နေချိန် ခန္ဓာကိုယ်တခုလုံး ပိုအေးလာတာ ခံစားနေရတယ်။ ဘာပဲဖြစ်ဖြစ် မြေသင်းနံ့ပါ တဲ့ မိုးဦးလေလေးတော့ တဝကြီး ရှူပစ်လိုက် ချင်ပြန်တယ်။ အထဲမှာ ဈေးနံ့နဲ့ သေးနံ့တွေ ဟာ ဖောက်ပြန်တဲ့နည်းနဲ့ မဟာမိတ်ဖွဲ့ပြီး ကဗျာဆရာကို တိုက်ခိုက်နေကြတယ်။ အဆိုး ဆုံးက "လောက်"တွေပဲ။

ဈေးထဲမှာ ပျော်ရမယ့်လောက်တွေက အခုတော့ ဈေးထဲမှာသာမက သေးစီးကြောင်း အတိုင်း ချီတက်လာပြီး ကျနော့်ခန္ဓာကိုယ်ဆီ တက်တက်လာကြတယ်။ တက်လာလိုက် ခါချ လိုက်နဲ့ ငြိမ်ငြိမ်ကို ကြာကြာထိုင်နေလို့မရဘူး။ ပထမ ရက်တွေတုန်းက စိတ်တိုလာလွန်းလို့ ထွက်လာတဲ့ အကောင်တွေကို အကုန်နင်းခြေ ပစ်ဖို့ လုပ်သေးတယ်။ ခြေတောက်ကို မြှောက် လိုက်ပြီးမှ "အော်....သူတို့လည်း အသက်နဲ့ သတ္တဝါတွေပဲလေ ငါ့ကိုယ်ကြီးကိုက ရေလဲ မချိုးရ၊ သန့်ရှင်းရေးလဲ မလုပ်ရနဲ့ ဒီလောက် ပုပ်ဟောင်နေတဲ့ အခန်းကျဉ်းလေးထဲမှာ ထိုင်စရာတောင် မြေကွက်လပ် ခြောက်ခြောက် မရှိအောင် သေးရည်တွေ အိုင်ထွန်းနေတဲ့ အခန်းလေးထဲမှာ လူကိုယ်တိုင် ဈေးတုံးကြီး တတုံးလို ဖြစ်နေပြီထင်တယ်။ အဲဒီတော့ ဒီ မှောင်ပျပျကြားထဲမှာ စစ်ကနဲနေရာ ဂရုစိုက် ကြည့်လိုက်ရင် မောင်မင်းကြီးသားတို့က ထိုးနေ နှက်နေ ကိုက်နေပြီ။ ဖြူဝါဝါအရောင် တုံတုံ တုံတုံ ခန္ဓာကိုယ်လှုပ်ရှားမှုနဲ့ လက်မ ဝက်လောက်သာရှိတဲ့ ဒီအကောင်လေးတွေရဲ့ ခေါင်းဖျားမှာ မဲမဲလေးရှိတယ်။ နှုတ်သီးဖျား ဖြစ်လိမ့်မယ်။ သတ္တဗေဒအခေါ်ကတော့ စုတ်ခွက် လို့ခေါ်မလား။ ဘာခေါ်မလဲ မပြောတတ်ဘူး။ ထိုးတာ ကိုက်တာကတော့ အဲဒီ မဲမဲလေးနဲ့ပဲ။ အင်းဆက်ဗေဒပညာရှင်၊ ကီမိလဗေဒပညာရှင် တွေကတော့ အင်းဆက်ပိုးမွှားငယ်တွေအ ကြောင်း ကောင်းကောင်း လေ့လာဖူးကြမှာပဲ။ အဲဒီအထဲ 'လောက်'ကို လေ့လာတဲ့ 'လောက်' ပညာရှင်ရှိလား၊ မရှိဘူးလားတော့ မပြော တတ်ဘူး။ ကျနော်ကတော့ ကီမိလဗေဒ ပညာရှင် မဟုတ်ဘဲ 'လောက်'ကို ဘဝအရ စိတ်ဝင်စားနေရပြီ။ သူတို့ကို ဘယ်လိုကာကွယ် ရမလဲ။ ခက်တာက အသေလဲ သတ်မပစ်ရက် ပြန်။ အသက်ရှိတဲ့ သတ္တဝါမှန်သမျှ သူ့အသက် ကိုသူ ရှင်သန်ချင်ကြမှာပဲလို့ စာနာနေမိပြန် တယ်။

အရေးကြီးဆုံးက အိပ်မယ်ဆိုရင် အရင် နေရာပြင်ရတာပဲ။ (၆) တိုက်ထဲမှာရက်ပေါင်း များစွာကြာလာတော့ တနေ့တခါပဲ ကိစ္စပြီးတဲ့ ဈေးယိုခြင်းအမှုနဲ့ တနေ့လေးခါလောက်ပဲ ပေါက်တဲ့သေးဟာ တော်တော်ကို စုပုံအိုင်ထွန်း လာပြီး နေစရာခြောက်ခြောက် မရှိတဲ့အထိ ဖြစ်လာတာပဲ။နေလဲမဝင်ရ လေကောင်းလေသန့် လဲမဝင်ရ အမြဲပိတ်ထားခြင်းခံရတော့ အမြဲ ပြီ။ အိပ်တော့။ အိပ်တော့။ တခါတခါ သတိ ပဋ္ဌာန်မှတ်၊ တခါတခါ စိတ်နဲ့ကဗျာစပ်။ ငါရူး သွားလို့မဖြစ်ဘူး။ လေဖြတ်သွားလို့ မဖြစ်ဘူး။ ကိုယ့်ကိုယ်ကိုထပ်ပြီးစိတ်တင်း။ စိတ်ဓာတ်က အရေးကြီးတယ်နော်လို့ သတိပေးရင်း လောက် တွေနဲ့ ရင်ဆိုင်ရပြန်တယ်။

အိပ်ရာကနိုးရင် ထပြီးခုန်။ လက်တွေ ဆန့်ကြည့်၊ ခေါင်းကိုလှည့်ကြည့်၊ အာရုံတွေကို ဖော်ကြည့်၊ ပြင်ပလောကကြီးကို စိတ်ပန်းချီ အရောင်သွင်းကြည့်၊ ငါ့ကြောင့် သူများတွေ ဒုက္ခမရောက်ကြပါစေနဲ့၊ ဒီထောင်ထဲကို ဆွဲ သွင်းမခံရပါစေနဲ့။ ဘယ်တော့မှ သစ္စာဖောက် ဆိုတဲ့နာမည်၊ အလကားကောင်ဆိုတဲ့နာမည် မရပါစေနဲ့ဆိုတာ စိတ်ထဲမှာ အကြိမ်ကြိမ်ရွတ်။ ဝင်ရက်ရှိရင် ထွက်ရက် ရှိရမှာပေါ့ဆိုတာ ယုံကြည်ရင်း အမှောင်ရှိရင် အလင်းရှိရမှာ ပေါ့ဆိုတာ ယုံကြည်ရင်း အားမာန်သွင်းကြည့် လိုက်တဲ့အခါ လေဖြတ်ချင်သလိုလို၊ ထုံသလိုလို၊ ကိုက်သလိုလို၊ ကျန်းမာရေးရေချိန် တနေ့ တခြား ပြိုပျက်ကျလာနေတဲ့ ခန္ဓာကိုယ် ရုပ်ကြီး ထဲ သွေးလှည့်ပတ်မှုတွေ မြန်လာသလိုလို အားတွေဝင်လာသလိုလို ရှိလာပြန်တယ်။ အံ့ဩစရာ။

တယောက်ထဲ လောက်တွေကြား အနေ ကြာလာတော့ သူတို့ကို သတ်မပစ်ဘဲ ဘယ်လို ကာကွယ်ရမလဲဆိုတဲ့ ကာကွယ်ရေးစီမံချက်ကို တော့ စနစ်တကျ ချလာနိုင်ပါတယ်။ ဒါပေမဲ့ အပြည့်အဝ ရာနှုန်းပြည့်တော့ မကာကွယ်နိုင်။ အိပ်တဲ့အခါ ဖင်ထဲမဝင်ဘို့ ငယ်ထိပ်ပေါ်အထိ စွတ်စိုထိုင်းမှိုင်း ဟောင်စော်ပုပ်အဲ့ဖြစ်နေတဲ့ အပြင် အခန်းအလယ်တည့်တည့်မှာ ဈေးရည် ပြည့်ဝဖျော်ရည်အဆင့် သေးရည်အိုင်ဟာ ဘယ်တော့မှ မခမ်းနိုင်တဲ့ အိုင်လေးသဖွယ် ဖြစ်ပြီး တနေ့တခြားပိုပိုကြီးလာတယ်။ ဝင်ကာ စက သဲပုံလေးအဆင့်ဟာလဲ တဖြည်းဖြည်း ပြိုအိကျလာပြီး သေးအိုင်နဲ့ တဆက်တစပ် တည်းသော ပထဝီဝင်ဒေသဖြစ်လာတယ်။ အခန်း(၆)ရဲ့ မညီမညာသမံတလင်းက ဒယ် အိုးပြားသဏ္ဍာန် အလယ်နဲနဲချိုင့်နေတော့ သံတိုင်တံခါးနားက ဒေါင့်စွန်းပိုင်းဟာ နှိုင်းယှဉ် ချက်အရ နဲနဲမောက်သယောင်ဖြစ်နေတယ်။ သေးချေးငွေ့စိမ့်ပုံ့နေတဲ့ ဒီမို့မို့ဒေါင့် သမံတလင်း ပေါ်မှာ တရားထိုင်သလိုထိုင်။ ထွက်သက် ဝင်သက် သတိပဋ္ဌာန်တော့ မကပ်နိုင်သေးပဲ တစ်ကနေ နှစ်ထောင်အထိ စိတ်ကရေကြည့်၊ ဆိုကြည့်။ နှစ်ထောင်ပြည့်တော့ထ။ ဖင်ထိုင် ထားရာ နေရာလေးက ကိုယ်တွင်းအပူငွေ့နဲ့ ခပ်ခြောက်ခြောက်လေး ဖြစ်နေပြီ။ အဲဒီနား က တဆက်တည်းဖင်တထိုင်စာ ဆက်ပြီးထိုင်။ တစ်ကနေ နှစ်ထောင်အထိ ထပ်ရေ။ ထလိုက်။ သုံးခါလောက်လုပ်လိုက်တော့ နံရံကို ကျောမှီ ပြီး ဒူးခေါင်းလေးထောင် လဲလျောင်းစရာ နေရာ ချောက်ချောက်ကလေး ယာယီပိုင်ဆိုင် ကျူးကျူးကျော်ကျော် ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဘို့ ကာကွယ်တဲ့အနေနဲ့ ပက်လက်အနေ အထားအတိုင်း ဒူးထောင်ထားရင်းလဲလျောင်း ခြင်း အမှုကိုပြုရတယ်။ အရေးကြီးတဲ့ ရပ်ဝန်း ဒေသကို လက်ဝါးအကာအကွယ် သတိရှိရှိ ချထားပေးရမယ်။ နံရံဘက် စောင်းအိပ်ရင် နောက်ပိုင်းလုံခြုံရေး အခက်အခဲရှိတယ်။ နောက်ဖေးသွားပြီးရင် သုတ်စရာဘာမှ ရှိတာမဟုတ်။ ဒီအတိုင်းပဲထားရတော့ နောက်ပိုင်းကလဲ လောက်ကြိုက်ရပ်ဝန်း ဖြစ်နေနိုင်ပြီ။

ညနေပိုင်းလာတဲ့ ထမင်းပုံစံမှာ ဟင်း အဖြစ် ချဉ်ပေါင်ရည်ကျဲဟင်း၊ တခါလာတုန်း က ချဉ်ပေါင်ရိုးတုတ်တုတ်တချောင်း ပါလာဖူး ပါတယ်။ ချဉ်ပေါင်စည်းချည်တဲ့ နှီးကြိုးတပိုင်း ပြတ်တခု ပါလာဖူးတယ်။ အသာလေး ဆယ်ထား ပြီး နံရံမှာထောင်၊ ကိစ္စပြီးတဲ့အခါ သုတ်စရာ တုတ်ချောင်းလုပ်ကြည့်ဖူးတယ်။ နှစ်ရက်ပဲ သုံး ရတယ်၊ ဆက်သုံးလို့မရတော့ဘူး။ ရများရဉီး မလားလို့ သေးရည်ထဲထည့်စိမ်ပြီး နံရံမှာ ထပ်ထောင်ထားကြည့်တာ ပျော့ဖတ်ဖတ်ဖြစ်သွား ပြီးသုံးလို့မရတော့။ နောက်တော့ ဒီအတိုင်းပဲ နောက်ဖေးသွားပြီး နေလိုက်ရတော့တယ်။ သံတိုင်တံခါးနဲ့ သစ်သားတံခါးကြား သုံးပေ လောက်ရှေ့ထွက်နေရာမှာ ရေအိုးသေးသေးလေး တလုံးတော့ရှိပါရဲ့။ ရေကအပြည့်ထည့်မထား။ သောက်စရာ ဒန်ခွက်ပိန်ပိန်လေးလဲ ရေအိုးထဲ ထည့်ပေးထားပါရဲ့။ ရေအိုးအဖုံးမပါ။ သောက်စရာက ဖင်ကပ်ရေ။ အဲဒီရေနဲ့ ဖင် ဆေးပစ်လို့မဖြစ်။ လောက်တွေကောက် ကောက်ပြီး အဲဒို့ရှေ့ကွက်လပ်ထဲ ပစ်ပစ်ကြည့် ပေမဲ့ နောက်ဖက်ဒေါင့်က သဲပုံဟောင်း ချိုင့် ခွက်နေရာမှာ တဖောက်ဖောက်နဲ့ ဆက်လက် အဆက်မပြတ် ပေါက်ပွားလာနေတဲ့ လောက် ကောင်တွေက မကုန်နိုင်မခမ်းနိုင်။ ကြာတော့ သောက်ရေအိုးပေါ်အထိ တလွှားလွှား တက် လာနေတဲ့ လောက်တွေသာ တိုးလာနိုင်ဖွယ် ရှိတဲ့အတွက် ရှေ့ဆက်လှမ်းပစ်နေတဲ့ အစီ အစဉ်ကို ရပ်ဆိုင်းပစ်လိုက်ရတော့တယ်။

လောက်နဲ့ပတ်သက်လို့ ကျနော်တို့ ဗမာတွေ ပြောကြဆိုကြ သုံးနှုန်းခိုင်းနှိုင်းကြတာ တွေကိုလဲ လက်တွေ့နဲ့ယှဉ်ပြီး ပြန်ဆင် ခြင်ကြည့်မိနေတယ်။ "ဈေးထဲကလောက် ဈေးထဲပျော်"တဲ့။ ဟုတ်ပါရဲ့။ ပျော်နေလိုက် ကြတာ တဖောက်ဖောက်နဲ့။ ဒါပေမဲ့ ဈေးထဲ မက လူပေါ်ထိအောင်တက်လာတာ။ ခြေထောက် ကိုက်၊ လက်ကိုက်၊ ပေါင်ကိုက် ကိုက်လာကြတာ ကတော့ တော်တော်ခံရခက်တယ်။ လောက် ကိုက်ခံရတယ်ပြောရင် ယုံချင်မှတောင် ယုံကြ မယ်။ ဒီမှာကတော့ တကယ့်ကိုလက်တွေ့။ ပေါင်နဲ့လက်မှာ လောက်ရဲ့ စုတ်ခွက်ထိပ်ဖျား လေးတွေနဲ့ အထိုးခံထားရတဲ့နေရာက ဈေး ရေသေးရေ အခိုးအငွေ့တွေနဲ့ပါ အငွေ့ရိုက် ခံထားလို့လားမပြောတတ်။ အနာတွေတောင် ဖြစ်လာတယ်၊

ရိုးရိုးသားသားပဲ ဝန်ခံပါ့မယ်။ စိတ်ဓါတ် ရေးရာအရ နိုင်ငံရေးဆိုင်ရာ အတွေးအခေါ် ဆိုင်ရာတွေနဲ့တင် ကိုယ့်ကိုယ်ကိုယ် သံခဲတင် မာန်တင်းနေရတာမဟုတ်။ မကြာမကြာ သတိ ပဋ္ဌာန်လေးကပ်ပြီး တရားထိုင်ကြည့်ရင်း ပျံ့လွင့်နေတဲ့ စိတ်တွေကို အားယူကြိုးစားဆွဲချုပ်ကြည့်နေခဲ့ရပါတယ်။ ဒီကြားထဲမှာ ကဗျာရိုပ်တွေဝင်လာရင်

**ရှေ့လတွင် ဆက်လက်ဖော်ပြပါမည်။**

# လွတ်ရက်စေ့ခါနီးနိုင်ငံရေးအကျဉ်းသား သာယာဝတီ အကျဉ်းထောင်၌ သေဆုံးရပြန်

လွတ်ရက်စေ့တော့မည့် နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သူ ဦးမောင်ကို အသက် (၅၀)ကျော်သည် ပြီးခဲ့သည့်နိုဝင်ဘာလ (၁၅) ရက် သောကြာနေ့က သာယာဝတီ အကျဉ်းထောင်အတွင်း နှလုံးရောဂါဖြင့် ကွယ်လွန်ကြောင်း သတင်းရရှိခဲ့သည်။

ဦးမောင်ကိုသည် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရှိသည်ဟု စွပ်စွဲခံရပြီး ပုဒ်မ ၅(ည)ဖြင့် ၁၉၉၆ ခုနှစ်တွင် ၎င်း၏ ဇာတိ ကျောက်ပန်းတောင်းမြို့၌ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူဖြစ်သည်။ နာမည်ကျော် သာယာဝတီ အကျဉ်းထောင်၌ ယခုနှစ်စက်တင်ဘာလအတွင်း သေဆုံးခဲ့သော နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သူ ဦးအောင်မေသုပြီးလျှင် ဦးမောင်ကိုသည် ဒုတိယမြောက် သေသွားသူ အကျဉ်းသားဖြစ်သည်။

ဦးမောင်ကိုသည် ဖမ်းဆီးခံရပြီးနောက် နှစ်ပတ်ကြာအောင် နှိပ်စက်ညှဉ်းပမ်းခြင်း ခံခဲ့ရပြီး ထောင်တွင်း၌ မကျန်းမမာဖြစ်နေစဉ် ဆေးဝါးကုသခွင့် မရရှိခဲ့ကြောင်းလည်း သိရသည်။ စစ်အစိုးရလက်ထက် အကျဉ်းချ သေဆုံးခဲ့ရသော နိုင်ငံရေးသမားတွင် ဦးမောင်ကိုသည် (၈၂)ဦး မြောက်ဖြစ်သည်။

ယခုတလော စစ်အုပ်စုက လွတ်ရက်စေ့ နိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးလျက်ရှိရာ ဦးမောင်ကိုသည် လာမည့်ရက်များအတွင်းတွင် လွတ်မြောက်နိုင်တော့မည်ဟု မျှော်လင့်ထားကြသူဖြစ်သည်။ ❖❖❖

# မြန်မာနိုင်ငံနှင့် ခရီးစဉ်တိုးချဲ့ခဲ့သည့် ဩစတြေးလျလေကြောင်းလိုင်း ကန့်ကွက်ခံရ

ဥရောပနိုင်ငံတနိုင်ငံဖြစ်သည့် ဩစတြေးလျနိုင်ငံ လေကြောင်းလိုင်းတခုက မြန်မာနိုင်ငံနှင့် တိုက်ရိုက်ခရီးစဉ် တိုးချဲ့ခဲ့သည့်အတွက် ဘန်ကောက်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့များက အဆိုပါလေကြောင်းလိုင်းကို နိုဝင်ဘာလ(၂၇)ရက်နေ့က ကြေညာချက်တစောင် ထုတ်ပြန်ကာ ကန့်ကွက်လိုက်ကြောင်း သိရသည်။

ဩစတြလျနိုင်ငံပိုင် Lauda Air လေကြောင်းလိုင်းသည် လာမည့် ၂၀၀၂–၂၀၀၃ ခုနှစ် ဆောင်းရာသီခရီးစဉ်အဖြင့် ဩစတြလျနိုင်ငံ ဗီယင်နာမြို့မှ ရန်ကုန်မြို့သို့ တိုက်ရိုက်ပျံသန်းမည့်ခရီးစဉ်ကို တိုးချဲ့ခဲ့ခြင်းဖြစ်ရာ အဆိုပါ ခရီးစဉ်သည် ဥရောပနိုင်ငံ မြို့တော်တခုမှ မြန်မာနိုင်ငံသို့ ပထမဆုံး တိုက်ရိုက်ပျံသန်းဆက်သွယ်နိုင်သည့် ခရီးစဉ်တခုဖြစ်လာသည်။

ထိုသို့ မြန်မာနိုင်ငံနှင့် ဩစတြလျနိုင်ငံတို့ လေကြောင်းလိုင်း ဆက်သွယ်ခဲ့ခြင်းနှင့် ပတ်သက်၍ အာရှဒေသလူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Forum-Asia)မှ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စတာဆုမ်ချိုင်းဟုမ်လာက ယခုခရီးစဉ်သည် စီးပွားရေးအကျိုးအမြတ်တခုသက်သက်သာ အခြေခံထားကြောင်း မြန်မာပြည်သူများကို အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ဆိုသော Lauda Air လိုင်း၏ အကြောင်းပြမှုသည် ဆိုးဝါးနေသည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို မျက်ကွယ်ပြုရာ ရောက်သည့်ဆင်ခြေတရပ်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီက ဥရောပသမဂ္ဂနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် အရေးယူမှုများ နောက်ထပ် (၆)လသက်တမ်း တိုးမြှင့်ခဲ့သော်လည်း ဥရောပနိုင်ငံတနိုင်ငံဖြစ်သည့် ဩစတေးလျက ယခုလို မြန်မာနိုင်ငံနှင့် လေကြောင်းဆက်သွယ်ခဲ့သည့်အပေါ် ကန့်ကွက်သည့် ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ❖

စာမျက်နှာ (၆) မှ –

တာပေါ့၊ တခါတလေလည်း ရှေ့သွားရင်းနဲ့ ခလုတ်တိုက်တာတွေရှိတာပေါ့။ အရေးကြီးတာဟာ ကိုယ်ခလုတ်တိုက်လို့ ချော်လဲလို့ရှိရင် ပြန်ထနိုင်ရမယ်။ အဲဒါ အရေးကြီးတာပဲ၊ အဲခလုတ်မတိုက်ဘူး၊ ချော်မလဲဘူးဆိုတာ မရှိဘူး။ ကျမတို့ ဒီလို ရိုးရိုးပုထုဇဉ် လူသားအဆင့်မှာတင် ခလုတ်တိုက်တာ၊ ချော်လဲတာ၊ မှားတာတော့ရှိမှာပဲ။ ပြန်ထနိုင်ဘို့သာ အရေးကြီးတယ်။ ကိုယ့်ဖာသာကိုယ် ပြန်ထူနိုင်ရမယ်၊ ထနိုင်ရမယ်။ ကိုယ့်စိတ်ဓာတ်ကို ဦးဆောင်နိုင်ရမယ်။ အဲဒီတော့ ကိုယ့်စိတ်ကို အထင်မသေးပါနဲ့၊ အားမငယ်ပါနဲ့၊ သတ္တိမွေးပါ၊ သတ္တိဆိုတာမွေးယူရတာနော်။ အလိုလိုလာပြီးတော့ ဟိုဥစ္စာ သိကြားမင်းက လာပေးတာမဟုတ်ဘူး။ 'ရော့ ....သတ္တိ' ဆိုပြီးတော့ လာပေးတာမဟုတ်ဘူး။ ကိုယ့်ဟာကိုယ် မွေးယူရတာ၊ တခါတလေလည်း မလွယ်ဘူး။ အကြိမ်ကြိမ်အခါခါ ကြိုးစားယူရတယ်။ ထပ်တလဲလဲကျော်လွှားရတယ်။ အခက်အခဲတွေ ထပ်တလဲလဲကျော်လွှားရင်းနဲ့မှ သတ္တိကို ပြုစုပျိုးထောင်နိုင်မယ်။ အဲဒါကြောင့် ကျမတို့ ပြည်သူလူထုဟာ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိပါ။ ကိုယ့်ကိုယ်ကို တန်ဘိုးထားပါ။ မှန်တဲ့ဘက်မှာ မာနရှိပါ။ ကိုယ့်ကိုယ်ကိုတန်ဘိုးထား၊ တခြားလူတွေကိုလည်း တန်ဘိုးထားရမယ်။ အချင်းချင်းကျော်လွှားတဲ့အလုပ်တွေ မလုပ်ပါနဲ့။ တလေးတစားနဲ့ဆက်ဆံပါ။ ဒါတွေကလည်း ပြောရတာလွယ်တယ်နော်၊ လုပ်ရတာ မလွယ်ဘူး။ ကျမသိပါတယ်၊ ပြောရတာ သိပ်လွယ်တယ်။ ဖြောင့်ဖြောင့်မတ်မတ်နေ၊ လိမ်လိမ်မာမာနေ၊ သီလမကျိုးစေနဲ့၊ မပေါက်စေနဲ့။ ကျမတခါတုန်းကတော့ အဲဒီ ဦးပဥ္စင်းတပါးကဟောတဲ့တရားကို ကျမ သိပ်ပြီးတော့ သဘောကျတယ်။ သီလဆိုတာ ခါးဝတ်ပုဆိုးလိုပဲ၊ ပြန်ပြန်စည်းရတယ်တဲ့နော်။ (ရယ်သံများ)။

အဲဒါ ဒီဟာကိုမှတ်ထားကြပါ။ ကျမတို့ ကြိုးစားတဲ့နေရာမှာ ဒီလိုပဲပြန်ပြန်ပြီး စည်းရတယ်။ ပြန်ပြန်ပြီးတော့ ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီးတော့ ပြုပြင်ရတယ်။ တည်ဆောက်ရတယ်။ အဲဒီတော့ စိတ်မပျက်နဲ့၊ တခါတလေ စိတ်ဆိုတာ ဒီလိုပဲပေါ့။ လျော့လာတတ်တာပဲ။ ဒါ စိတ်ပျက်စရာမလိုဘူး။ ပြန်တင်းလိုက်ပေါ့။ ဒီအတိုင်းပဲ။ အဲဒီတော့ လူဆိုတာလည်း တခါတလေ အားနည်းလာတတ်တယ်။ အားလျော့လာတတ်တယ်။ အဲဒါကြောင့် စိတ်မပျက်နဲ့၊ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ တည်ဆောက်ရတယ်။ အားလုံး ကျမတို့ လက်တွဲပြီးတော့ ရင်ဆိုင်မယ်ဆိုလို့ရှိရင် အခက်အခဲတွေကို ကျော်လွှားနိုင်မယ်၊ အမြန်ကျော်လွှားနိုင်မယ်။

**ရေဒီယိုအသံလိုင်း မကြည်လင်ပါသဖြင့် နိဂုံးပိုင်း အနည်းငယ် လိုအပ်သွားပါသည်။**

မိုးကြိုး

# ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည်ဖော်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အဓိပ္ပာယ်ရှိသော ဆွေးနွေးပွဲများ စတင်ရန် ကုလသမဂ္ဂက နအဖကိုတိုက်တွန်း

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင်ကျင်းပနေသည့် (၅၇) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ လူမှုရေးဆိုင်ရာ တတိယကော်မတီအစည်း အဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သတ်သည့် ဆုံးဖြတ် ချက်တရပ်ကို နိုဝင်ဘာ(၁၉) ရက်အင်္ဂါနေ့ က အများသဘောတူ ချမှတ်ခဲ့သည်။ ထိုဆုံး ဖြတ်ချက်ကို အီးယူ (ခေါ်)ဥရောပသမဂ္ဂ အဖွဲ့က ကမကထပြု၍ အခြား(၃၉) နိုင်ငံတို့နှင့်အတူ အဆိုတင်သွင်းခဲ့ခြင်း ဖြစ်သည်။ ယခုနှစ်အတွက် ဥရောပသမဂ္ဂက ဦးဆောင်တင်သွင်းခဲ့သော ထိုဆုံးဖြတ်ချက်ကြောင့် ပိုမိုလေးနက်ထိရောက်ကြောင်း နိုင်ငံရေးလေ့လာသူများ အဆိုအရ သိရသည်။

အဆိုပါဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ပြီး (၁၉၉၀) ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်၍ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အချိန်မဆိုင်းဘဲ လေးနက် အဓိပ္ပါယ်ရှိသော ဆွေးနွေးပွဲများစတင်ရန် နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိ ချက်ချင်း ပြန်လွှတ်ပေးရန်နှင့် ရှမ်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင် နအဖ စစ်တပ်များက အဓမ္မပြုကျင့်ခဲ့မှုများကိုလည်း လွတ်လပ်သည့်နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် စုံစမ်း ဖော်ထုတ်ခွင့်ပေးရန် တောင်းဆိုထားပြီး နှိပ်စက်ညှဉ်းပမ်းမှုများအပါအဝင် ဥပဒေမဲ့သတ်ဖြတ်နေမှုများ၊ အဓမ္မလုပ်အားပေးခိုင်းစေနေမှုများအား မြန်မာစစ်အုပ်စုက စနစ်တကျဆက်လက်ကျူးလွန်နေသေးသည့်အပေါ် စိုးရိမ်တကြီးဖြစ်ရကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၏ အဆိုပါဆုံးဖြတ်ချက်များအပေါ် ဗြိတိန်နိုင်ငံက ထောက်ခံလိုက်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး၊ ဓနသဟာယ နိုင်ငံခြားရေးဝန်ကြီး မိုက်အိုဗရမ်ယဲ ကနိုဝင်ဘာ (၂၁) ရက်နေ့တွင် တရားဝင်ထုတ်ဖော်ပြောဆိုလိုက်သည်။ မစ္စတာ ဗရမ်ယဲက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်နိုင်ရေးတို့အတွက် နအဖ စစ်အုပ်စုတွင် တာဝန်ရှိကြောင်း မြန်မာနိုင်ငံလူ့အခွင့်အရေးမှတ်တမ်းများက ပြသနေသည်ဟုလည်း ၎င်းကပြောကြားသွားသည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်နှင့် ပတ်သတ်၍ "လူ့အခွင့်အရေးကို နိုင်ငံရေးအတွက် အသုံးချလိုက်ခြင်းဖြစ်သည်ဟုဆိုရာ ပါကစ္စတန်၊ ကျူးဘား၊ စူတန်၊ အီဂျစ်၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လော၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့က ထောက်ခံချက်မပေးပဲ နေခဲ့ကြကြောင်း သိရသည်။ ❖

# မြန်မာစစ်အုပ်စု၏ စီမံခန့်ခွဲမှု ညံ့ဖျင်းလွန်းမှုကြောင့် တိုင်းပြည်တွင် ဆင်းရဲတွင်းနက်နေရ၊ ရှမ်းပြည်တွင် ကျူးလွန်ခဲ့သည် အဓမ္မပြုကျင့်မှုများကိုလည်း စစ်ဆေးရန်ပျက်ကွက်နေ

မြန်မာစစ်အုပ်စုသည် တိုင်းရင်းသား လူမျိုးစု အများအပြားနေထိုင်သည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသူအမျိုးသမီးများအပေါ် အဓမ္မကျူးလွန်မှုများအား စစ်ဆေးရန် ပျက်ကွက်နေကြောင်း အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးက နိုဝင်ဘာလ(၂၁)ရက်နေ့က ပြင်းထန်စွာ ဝေဖန်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ ဂျွန်ဟော့ကင်းတက္ကသိုလ်က ဦးစီးကျင်းပသည့် အရှေ့တောင်အာရှ ဘာသာရပ်များဆိုင်ရာ ကဏ္ဍတွင် မြန်မာ့အရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာတွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ ပေါ်လစီတာဝန်ခံ မစ္စတာ ဂျိမ်းကယ်လီက မြန်မာနိုင်ငံတွင် စစ်အုပ်စုခေါင်းဆောင်များ၏ စီမံခန့်ခွဲမှုနှင့် ညံ့ဖျင်းလွန်းခြင်းကြောင့် ထိုသို့ ဆင်းရဲဒုက္ခရောက်နေရသည့်အရေးနှင့်ပတ်သက်၍ နအဖ ထိပ်သီးများအနေဖြင့် မိမိကိုယ်မိမိ ပြစ်ဒဏ်ချသင့်ကြောင်း ပြင်းထန်စွာ ဝေဖန်ပြောကြားခဲ့သည်ဟု ဆိုသည်။

မစ္စတာကယ်လီက ဆက်လက်ပြောကြားခဲ့ရာတွင် နအဖတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသူအမျိုးသမီးများအပေါ် အစီအစဉ်ရှိရှိ အဓမ္မကျူးလွန်ခဲ့ကြောင်း၊ ငြင်းဆိုမှုကိုသာ ပြုလုပ်နေမြဲဖြစ်ကြောင်း၊ ထိုသို့ လူ့အခွင့်အရေး ချိုးဖောက်နေမှုများကြောင့် နိုင်ငံတကာအနေနှင့် အမေရိကန်ပြည်ထောင်စုနှင့်အတူ စစ်မှန်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း တိုက်တွန်းသွားသည်ဟု သိရသည်။

မူးယစ်ဆေးဝါး နှိမ်နှင်းရေးနှင့် ပတ်သက်၍ ပြောကြားသွားရာတွင် မြန်မာနိုင်ငံသည် ပြီးခဲ့သည့်နှစ်က ဘိန်းစိုက်ပျိုးမှု (၂၆) ရာခိုင်နှုန်း ကျဆင်းသွားပြီး ၁၉၉၆ ခုနှစ်က ထုတ်လုပ်မှုထက် လေးပုံတပုံ လျော့နည်းသွားကြောင်း၊ သို့ရာတွင် အရှေ့တောင်အာရှ အိမ်နီးနားချင်းနိုင်ငံများတွင် စိတ်ကြွဆေးပျံ့နှံ့ရောက်ရှိမှုမှာ တိုးတက်လာမည့် အလားအလာရှိကြောင်း ပြောကြားသွားသည်ဟု ဆိုသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် ဝေဖန်ပြောကြားခဲ့ခြင်းသည် သမတ ဘုရှ်လက်ထက် အမေရိကန်အစိုးရ၏ အပြင်းထန်ဆုံး ဝေဖန်ပြစ်တင် ပြောဆိုမှုဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ထားသည်။ ❖

မိုးကြိုးသတင်းစဉ်

Burma Independent News Agency

သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချီသည်။

အယ်ဒီတာ
ခင်လွန်း

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com
www.binamojo.org

# သတင်းတိုထွာ

## မျက်နှာပြောင်တိုက်တဲ့ ကြံ့ဖွံ့စည်းရုံးရေး

ရန်ကုန်မြို့ဆင်ခြေဖုံးတိုးချဲ့မြို့သစ်များရှိ၊ တိုးချဲ့ရပ်ကွက်များတွင် ကြံ့ဖွံ့အဖွဲ့က ယခုတလော တအိမ်တက်ဆင်းစည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်နေကြောင်းသိရသည်။ ထိုသို့စည်းရုံးနေကြရာတွင် ပြည်သူများအနေဖြင့် မိမိတို့အဖွဲ့ကို ဝင်ရောက်သင့်ကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကြံ့ဖွံ့အဖွဲ့ဝင်ထားပါက ပြဿနာတခုခုဖြစ်လာပါက ကြံ့ဖွံ့အသင်းကြီးက ကာကွယ်ပေးနိုင်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အခမ်းအနားများရှိပါက မိမိတို့မြို့နယ်များအား ချီးမြှင့်မြှောက်စားလိမ့်မည်ဖြစ်ကြောင်း၊ မယ်မယ်ရရမရှိသည့် စကားများဖြင့် ပြောဆိုစည်းရုံးနေကြရာ ပြည်သူများက ဗိုလ်ချုပ်မှူးကြီးအလိုတော်ကျဖို့ထက် ဆန်၊ ဆီ လုံလုံလောက်လောက် ရရှိရေးသာ လိုအပ်ပါကြောင်း ပြန်လည်ပြောပြရာ ကြံ့ဖွံ့စည်းရုံးရေးမှူးများ နှုတ်ဆိတ်ပါးစပ်ပိတ်ပြီး လှည့်နေကြရကြောင်း သိရသည်။ ❖

## ရှေ့နှစ်တွင် ကျူရှင်များ ကန့်သတ်ခံရတော့မည်

အောက်တိုဘာလအတွင်းက နအဖပညာရေးဝန်ကြီးဌာန ဒု–ဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ညွှန်ချုပ်ဦးဗိုဝင်းတို့သည် ရန်ကုန်တိုင်းအတွင်းရှိ ကျူရှင် ဆရာ/ဆရာမများနှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံပြီး လာမည့်ပညာသင်နှစ်တွင် ကျူရှင်ကျောင်းနှင့် ပုဂ္ဂလိကကျောင်းများအား စည်းကမ်းကန့်သတ်မှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့သည်ဟု သိရသည်။

လက်ရှိသင်ကြားနေသော ကျူရှင်ကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် အစိုးရကျောင်းများ၌ ပညာသင်ကြားမှု အားနည်းချို့တဲ့နေသဖြင့် ဘာသာရပ်ပေါင်းစုံ သင်ကြားဖွင့်လှစ်နေခဲ့ရာ ကျောင်းသူကျောင်းသားများအတွက် အားထားရာဖြစ်ခဲ့ကြရပြီး ဆရာ/ဆရာမများအတွက်လည်း ထိုကျောင်းသားများအား အချိန်ပိုဝင်ရောက်ပြသခြင်းဖြင့် လုံလောက်မှုမရှိသည့် လစာကို ဖာထေးနေရသည်ဟုဆိုသည်။

ယခုအခါ ဘာသာစုံကျောင်းများ ထားခွင့်ပြုတော့မည်မဟုတ်ဘဲ ကျောင်းတကျောင်းလျှင် နှစ်ဘာသာသင်ကြားခွင့်သာ ရကြတော့မည်ဟုဆိုသည်။ စာသင်ချိန်တချိန်လျှင် ကျောင်းသား (၄၀)ခန့်သာ ခွင့်ပြုမည်ဖြစ်ပြီး တနေ့စာသင်ချိန် (၄)ချိန်သာ ရကြတော့မည်ဖြစ်သဖြင့် ကျောင်းသား/ကျောင်းသူ၊ ကျောင်းဆရာ/ဆရာမနှင့် ပညာရေးလောကသားများ စိတ်ပျက်ငြီးငွေ့နေကြကြောင်း သိရသည်။ ❖

## တနင်္သာရီတိုင်းမှာ ဆန်လုမှုဖြစ်

နိုဝင်ဘာလ(၁၈)ရက်နေ့က တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ် ညောင်ပင်ကုန်းကျေးရွာရှိ ဦးကျော်မြင့်ဆိုသူ ပိုင်ဆိုင်သည့် စျေးဆိုင်သို့ဆန်ဝယ်သူများ ရောက်ရှိလာရာ ဆိုင်ရှင်က ရောင်းစရာ ဆန်မရှိတော့ကြောင်း ပြောပြခဲ့သည်။ သို့သော် ဆန်ဝယ်လာသူတို့က ၎င်း၏စကားကို လက်မခံဘဲ အရောင်းစားပွဲကို ဓါးဖြင့်ထိုးစိုက်၍ အိမ်ခန်းထဲတွင်ဝှက်ထားသည့် ဆန်များကို အုပ်စုလိုက် ဝင်ရောက်လုယူခဲ့ကြသည်ဟု အဆိုပါ ဒေသခံရွာသားတဦးအဆိုရ သိရသည်။

စင်စစ် ပြင်ပပေါက်စျေးမှာ တပြည် (၇၀၀)ကျပ်ဖြစ်နေချိန်တွင် သက်ဆိုင်ရာအာဏာပိုင်တို့က ဆန်တပြည်(၄၆၀)ကျပ်နှုန်းဖြင့် ရောင်းချရန် အမိန့်ထုတ်ထားသဖြင့် ဆန်သည်များက အရှုံးခံ၍ ပြန်မရောင်းသဖြင့် ယခုလို လုယက်မှုဖြစ်ပွားရကြောင်းဆိုသည်။ ဒေသခံလူထုမှာ ဆန်ဝယ်ရန်အတွက် ထိုင်းနိုင်ငံ၊ ပချွတ်ဘက်သို့ ဝင်ရောက်ဝယ်ယူနေရသည်ဟုဆိုသည်။

## ဆန်၊ ဆီအရေး ရင်ဖွင့်ခဲ့သူ လှိုင်သာယာ၌ အဖမ်းခံရ

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဆန်၊ ဆီရရေး တိုးဇော့တန်းစီနေကြရသည့် ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်နေ ပြည်သူများ၏ အခက်အခဲကြုံတွေ့နေရပုံများကို အသံလွှင့်ဌာနတခု၏ မေးမြန်းခန်း၌ ထုတ်ဖော်ပြောဆိုခဲ့သူ လှိုင်သာယာမြို့နေ စန်းစန်းမော်အား စစ်ထောက်လှမ်းရေးများက ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

စန်းစန်းမော်သည် VOA အသံလွှင့်ဌာနနှင့် မေးမြန်းတွင် လှိုင်သာယာမြို့နေ ပြည်သူလူထုများ၏ အခက်အခဲအခြေအနေများကို အသေးစိတ်ထုတ်ဖော်ပြောဆိုသွားပြီး ၎င်းဘဝတသက် ယခုလို တကြိမ်တခါမျှ မတွေ့ကြုံခဲ့ရကြောင်း စစ်အုပ်စုလက်ထက်ရောက်မှ မိမိတို့ ပြည်သူများ၏ ဘဝ အောက်တန်း နောက်တန်းအကျဆုံး ဖြစ်သွားခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သူဖြစ်သည်။

ထိုသို့ ပြည်ပအသံလွှင့်ဌာနတခုနှင့် ဆက်သွယ်၍ လူထုအခြေအနေကို ထုတ်ဖော်ပြောဆိုခဲ့မှုအတွက် လှိုင်သာယာရပ်ကွက် ဥက္ကဋ္ဌ ငြိမ်ဝပ်ပိပြားမှုကို နှောင့်ယှက်သည့်လုပ်ရပ်အဖြစ် တရားလိုပြုလုပ်၍ တိုင်ကြားခဲ့ရာ မစန်းစန်းမော်ကို ယခုအခါ ဖမ်းဆီးထားပြီဖြစ်ကြောင်း သိရသည်။

NLD ပါတီဝင်တဦးဖြစ်သူ မစန်းစန်းမော်သည် ထောင်ဒဏ် (၆) နှစ်ကျခံခဲ့ရသူလည်း ဖြစ်သည်။ မစန်းစန်းမော်ကို နိုဝင်ဘာ (၂၇) ရက်နေ့က ရုံးတင်စစ်ဆေးခဲ့ပြီး ဒီဇင်ဘာလ (၃) ရက်နေ့တွင် ဆက်လက်စစ်ဆေးသွားမည်ဟု သိရသည်။

# အာရှပစိဖိတ်ဒေသဆိုင်ရာ စာပေဆု ပဒေါင်အမျိုးသားတဦး ဆွတ်ခူးရရှိ

၂၀၀၂ ခုနှစ်အတွက် ချီးမြှင့်သည့် အာရှပစိဖိတ်ဒေသဆိုင်ရာ စာပဆုတဆုကို မြန်မာနိုင်ငံသားတဦးက လက်ခံရရှိသွားကြောင်း အေပီသတင်းတရပ်အရ သိရှိရသည်။

အောက်တိုဘာလကုန်ပိုင်းက အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုအခြေစိုက် ဆုရွေးချယ်ရေးအဖွဲ့က ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာတွင် ဖြစ်ရပ်မှန်စာပေဆုရေးသားမှုအတွက် မြန်မာနိုင်ငံသား ပဒေါင်အမျိုးသား တဦးဖြစ်သူ ပါစကယ်ခူးသွယ်က ဆုရရှိသွားကြောင်း ဖော်ပြထားပြီး ထိုဆုကို ကနေဒါနိုင်ငံသားတဦးနှင့် ပူးတွဲရရှိသည်ဟုဆိုသည်။

ပါစကယ်ခူးသွယ် ရေးသားခဲ့သည့် ဆုရစာအုပ်မှာ "နတ်စိမ်းမြေမှသည်" (From The Land of Green Ghost) ဟု အမည်ရပြီး ပဒေါင်တိုင်းရင်းသား လူမျိုးတွေအကြောင်း ရေးသားထားကြောင်း သိရသည်။ စာမျက်နှာ (၂၉၆) မျက်နှာရှိ အဆိုပါ စာအုပ်ကို ယခုနှစ် မေလက လန်ဒန်မြို့တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

စာပေဆုရှင် ပါစကယ်ခူးသွယ်သည် (၁၉၈၈) အရေးတော်ပုံကာလအတွင်း ပါဝင်လှုပ်ရှားခဲ့သူတဦးဖြစ်ပြီး နောက်ပိုင်းတွင် လက်နက်ကိုင်ကျောင်းသားတဦးအဖြစ် နယ်စပ်ဒေသ၌ ရပ်တည်ခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။

စာပေဆုရရှိခြင်းနှင့်ပတ်သက်၍ အသံလွှင့်ဌာနတခုနှင့် မေးမြန်းခန်းတွင် ၎င်းက "မြန်မာပြည်မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာတွေ ကမ္ဘာကနားလည်ဖို့ ရေးထားတာဖြစ်လို့ ကျေနော်ဂုဏ်ယူဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါစာပေဆုကို မကြာမီကာလအတွင်း ချီးမြှင့်မည်ဖြစ်ပြီး အမေရိကန် ဒေါ်လာ (၁၅၀၀၀) ရရှိမည်ဖြစ်သည့် စာပေဆုရှင်က ရရှိမည့်ဆုငွေ၏ အများစုကို နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများကို လှူဒါန်းရန် ရည်ရွယ်ထားသည်ဟု သိရသည်။

❖ ❖ ❖

# နိုင်ငံရေးအကျဉ်းသား ၁၁၅ ဦး ပြန်လည်လွတ်မြောက်

## ကျန်ရှိသူများအားလုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးရေး ဆက်လက်တောင်းဆို

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံအရာရှိ မစ္စတာရာဇာလီအစ္စမေး၏ (၅) ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်အပြီး ရက်အနည်းငယ်ကြာ နိုဝင်ဘာ(၂၁)ရက် ကြာသပတေးနေ့တွင် နိုင်ငံအနှံ့အပြား အကျဉ်းထောင်များရှိ နိုင်ငံရေးအကျဉ်းသား (၁၁၅)ဦး တို့အား နအဖစစ်အုပ်စုက ပြန်လည်လွှတ်ပေးလိုက်ကြောင်း သိရသည်။

ထိုသို့ ပြန်လွတ်မြောက်လာသူများတွင် NLD ပါတီမှ ကချင်ပြည်နယ် စည်းကော်မတီတဦးနှင့် မြို့နယ်စည်းဥက္ကဌ တဦးတို့ပါဝင်ပြီး စုစုပေါင်း (၅၁)ဦး၊ ကျောင်းသားတဦးတို့ ပါဝင်ပြီး အင်းစိန်၊ သာယာဝတီ၊ တောင်ငူနှင့် ခန္တီး အကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသူများဖြစ်သည်။

မစ္စတာရာဇာလီက မြန်မာနိုင်ငံခရီးစဉ်တွင် နအဖထိပ်တန်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံစဉ် ယခုနှစ်အကုန်အတွင်း နိုင်ငံရေးအကျဉ်းသား (၂၀၀)ကိုပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့ရာ နအဖက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အခြားထင်ရှားသည့် နိုင်ငံရေးပုဂ္ဂိုလ်များ၊ လွတ်ရက်စေ့နေသည့် နိုင်ငံရေးအကျဉ်းသားများ၊ အကျဉ်းထောင်အတွင်း ကျန်းမာရေးဆိုးဝါးနေသူများအားချန်လှပ်၍ ယခုလိုပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ နအဖစစ်အုပ်စု၏ လုပ်ရပ်နှင့်ပတ်သက်၍ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)က ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ ယခုလိုနိုင်ငံရေးအကျဉ်းသားများ ရာနှင့်ချီ၍ လွှတ်ပေးခြင်းအပေါ် မိမိတို့ကြိုဆိုပါကြောင်း၊ သို့ရာတွင် အဆိုပါအကျဉ်းသားများအား လွှတ်ပေးသင့်သည်မှာ ကြာမြင့်လှပြီဖြစ်ကြောင်း၊ ထို့တူ အကျဉ်းထောင်အတွင်း နှစ်ပေါင်းများစွာ ဒုက္ခခံစားနေကြသည့် အခြားနိုင်ငံရေးအကျဉ်းသားများကိုလည်း ခြွင်းချက်မရှိ ဆက်လက်လွှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း သိရပြီး နအဖအနေဖြင့် အတိုက်အခံတို့နှင့် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် တိုက်တွန်းခဲ့သည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အဆိုအရ (၁၃)နှစ်ကျော် ဖမ်းဆီးခံထားရဆဲ နိုင်ငံရေးအကျဉ်းသား (၁၂၀၀)ကျော်ရှိနေပြီး အဆိုပါပုဂ္ဂိုလ်များအတွင်း အသက်(၇၂) နှစ်အရွယ် သတင်းစာဆရာကြီး ဦးဝင်းတင်၊ လွတ်ရက်စေ့နေသော်လည်း ဆက်လက်ဖမ်းဆီးခြင်းခံနေရသည့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် NLD အကြံပေးပုဂ္ဂိုလ် ဦးဝင်းထိန်တို့ ပါဝင်သည်။ ❖

❍ ရှေ့ဖုံးမှ

ကွတ်ခိုင်မြို့ အမှတ်(၅)ရပ်ကွက် ဒေါ်ဘောက်နန်၏နေအိမ်တွင် ခေတ္တတည်းခိုပြီး ဒေသခံတိုင်းရင်းသားပြည်သူလူထုကို နှုတ်ခွန်းဆက်ပြောကြားသွားခဲ့သည်။

ထို့နောက် နံနက် (၁၁း၀၀)နာရီခန့်တွင် တရုတ်–မြန်မာနယ်စပ် မူဆယ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ နေ့လည် (၁း၀၀)နာရီကျော်ခန့်တွင် မူဆယ်မြို့သို့ ရောက်ရှိခဲ့ကြသည်။ မူဆယ်မြို့တွင် အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် တနာရီကျော်ကြာ အစည်းအဝေး ပြုလုပ်ခဲ့ပြီးနောက် မူဆယ်မြို့မှ ကွတ်ခိုင်မြို့သို့ ပြန်လည်ထွက်ခွာကြောင်း သိရသည်။ မူဆယ်မြို့မှ နန့်ခမ်းမြို့သို့ သွားရောက်ရန် အစီအစဉ်ရှိသော်လည်း ကွတ်ခိုင်အခြေစိုက် အမှတ် (၁) မဟာဗျူဟာ၏ ခွင့်ပြုချက်မရရှိခဲ့ပေ။

နိုဝင်ဘာ (၂၃)ရက်နေ့ကလည်း ကွတ်ခိုင်မြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင်များက မြို့နယ်ဆိုင်းဘုတ်များ တင်ထားခဲ့ရာ နောက်တနေ့ နံနက် (၈)နာရီအချိန်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးချစ်ဝေမှ ဆိုင်းဘုတ်ဖြုတ်ချရန် ပြောဆိုခဲ့သဖြင့် ပြန်လည်ဖြုတ်သိမ်းခဲ့ရကြောင်း သိရသည်။

❖ ❖ ❖

# မန္တလေးက ရွှေခမောက်ကြီး ရန်ကုန်ခရီးမဆန့်နိုင်တော့

၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သင်္ကေတ ခမောက်ကို ဂုဏ်ပြုသည့် အနေဖြင့် ကြေးရေချိန် (၉၀)ပိဿာနှင့် ပြုလုပ်ထားသော ရွှေချထားသည့် ခမောက်ကြီးကို မန္တလေးမြို့သစ်နေ ပြည်သူလူထုက ရန်ကုန်မြို့ NLD ဌာနချုပ်သို့ နိုဝင်ဘာလ (၂၉)ရက် အမျိုးသားနေ့အမှီ ပေးပို့ရန် အစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ရွှေချထားသည့်အချင်း (၂၁)လက်မရှိ အဆိုပါရွှေခမောက်ကြီးကို မန္တလေးတိုင်း မန္တလေးမြို့သစ် ထွန်းတိုးရပ် ကွက်နေပြည်သူများက ၎င်းတို့၏ ချွေးနှဲစာဖြင့် စုပေါင်း၍ ပြုလုပ်ထားခြင်းဖြစ်ပြီး နိုဝင်ဘာလ(၂၉)ရက်နေ့တွင် ကျရောက်မည့် အမျိုးသားအောင်ပွဲနေ့၌ ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှတဆင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထံ လက်ဆောင်အဖြစ် ပေးပို့ရန် စီစဉ်ထားခဲ့ကြသည်။

သို့ရာတွင် အဆိုပါရွှေခမောက်ကြီးကို ရွှေချခဲ့စဉ်က ပါဝင်ခဲ့သည့် ရွှေခမောက်ပစ္စည်းတို့မှာ ပိုင်ရှင်များက တရားမဝင် အပေါင်ဆိုင်တခုတွင် ပေါင်ထားသည့် ရွှေများအား ခွင့်ပြုချက်မရဘဲ အသုံးပြုခဲ့သည့်အတွက် ခိုးရာပါပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားစွဲဆိုထားသောကြောင့် မူလအစီအစဉ်အတိုင်း ရွှေခမောက်ကြီးမှာ ရန်ကုန်သို့ မရောက်ရှိဘဲ ဖြစ်သွားရကြောင်း သတင်းရရှိသည်။

ရွှေခမောက်ကြီးကို ဦးဆောင်ပြုလုပ်ခဲ့သည့် ထွန်းတိုးရပ်ကွက်နေ NLD အဖွဲ့ဝင်များကိုလည်း သက်ဆိုင်ရာအာဏာပိုင်တို့က ဖမ်းဆီးအရေးယူထားကြောင်း စောစောပိုင်းသတင်းများအရ သိရသည်။

❖ ❖ ❖

# တိုက်ပွဲသတင်းများ

### တပ်မဟာ(၇)ခရိုင်

၂-၁၁-၂၀၀၂ ရက်နေ့ နံနက် ၇ နာရီခွဲခန့်အချိန်တွ KNUတပ်ရင်း(၁၉)နှင့် ဒီကေဘီအေ တပ်ရင်း(၂)တို့နိုးချော့ဂယ်ကျေးရွာအနီးတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေတပ်များ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်းတို့ထံမှ စကားပြောစက်တလုံး ရရှိခဲ့သည်။

၅-၁၁-၂၀၀၂ ရက်နေ့နံနက် (၁၀) နာရီခွဲခန့်အချိန်တွင် KNU တပ်ရင်း (၁၀၁) နှင့် ရန်သူတပ်တို့ နိုဘိုးကလိုး အောက်ဘိုတဲ၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူ(၄)ယောက် သေဆုံးခဲ့ပြီး (၆) ဦးဒဏ်ရာရရှိခဲ့သည်။

၁၀-၁၁-၂၀၀၂ ရက်နေ့ နံနက် (၂) နာရီ ၄၅ မိနစ်အချိန်တွင် KNU တပ်မဟာ (၇) အမှတ်(၁)နယ်မြေအတွင်း၌ ရန်သူတပ်မ (၂၂) ခမရ(၂၀၅) စစ်ကြောင်း (၁) ဒု-တပ်ရင်းမှူး ဦးစီးစိုးမြင့်တပ်သည် တောင်စွန်းချောင်းဖျားသို့ ရောက်ရှိလာပြီး မိမိတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူ (၁)ဦး၊ ဒီကေဘီအေ (၂)ဦးသေဆုံးခဲ့သည်။ ၎င်းနယ်မြေရှိ တဲ(၂)လုံးအား မီးရှို့ဖျက်ဆီးသွားခဲ့သည်။

၁၆-၁၁-၂၀၀၂ ရက်နေ့တွင် ဒီကေဘီအေ ငါးသုံးလုံး မြိုင်ကြီးငူစစ်ဦးစီးချုပ်အဖွဲ့ဝင် ဗိုလ်မှူးအဆင့်ရှိသူ ဖားဒီသည်အခြေစိုက်စခန်း ပုပွါးထာနှင့် ခလယ်ဒေးစခန်းရှိလူပေါင်း (၆၀)တို့အားစုစည်း၍ ကော့တိုးကျေးရွာ တောင်ကုန်းတွင် အချင်းချင်းပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တနေ့နှင့် နှစ်ညအကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဖါးဒီအဖွဲ့ သားအချို့သေဆုံးခဲ့သည်။ ဖားဒီမှာ မိမိကိုယ်မိမိ သေနတ်ဖြင့် အဆုံးစီရင်သွားခဲ့သည်။ ၎င်းတို့အဖွဲ့မှ ကျန်ရစ်သော လက်နက်ခဲယမ်းများအား ဌာနချုပ်မှ ပြန်လည်သိမ်းဆည်းသွားသည်။

၂၀-၁၁-၂၀၀၂ ရက်နေ့တွင် KNU တပ်မဟာ(၇)နယ်မြေတွင်းရှိ သေကာယာဒေသ၌ ဒီကေဘီအေ ၉၉၉ နှင့် မိမိတပ်ဖွဲ့တို့ (၁၅)မိနစ်ကြာ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူဘက်မှ(၁)ဦးသေဆုံးခဲ့ပြီး (၁) ဦးဒဏ်ရာရရှိခဲ့သည်။

၂၀-၁၁-၂၀၀၂ ရက်နေ့ နံနက် (၁၀) နာရီဝန်းကျင်အချိန်တွင် ကွီးလောပလိုးဒေသ၌ မိုင်းတလုံးပေါက်ကွဲခဲ့ရာ ရန်သူ ခမရ(၂၀၃) စစ်ကြောင်း (၁)တပ်ခွဲမှူးတဦးအား ထိမှန်ခဲ့သည်။

၂၂-၁၁-၂၀၀၂ ရက်နေ့ နံနက် (၇) နာရီ ၅၆ မိနစ်အချိန်တွင်KNUတပ်ရင်း (၁၀၁)နှင့် ဒီကေဘီအေ ကိုးသုံးလုံးတပ်တို့သည် မယ်ပလယ်ဝှေးရှားအကြားတွင် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားခဲ့ရာ ရန်သူ(၃)ဦးသေဆုံးခဲ့ပြီး ကားတစီးပျက်စီးဆုံးရှုံးသွားခဲ့သည်။ ဒီကေဘီအေမှ (၂) ဦးအရှင်ဖမ်းဆီး ရမိခဲ့သည်။

၂၂-၁-၂၀၀၂ ရက်နေ့တွင် ဒီကေဘီအေ ကိုးသုံးလုံး မောင်ချစ်သူအထူးတပ်ရင်းနှင့် မိမိတပ်တို့သည် မယ်ပလယ် နှင့် ဝှေးရှားအကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူစစ်ယူနီဖောင်းပါ (၃)ဦး၊ ယူနီဖောင်းမပါ (၂)ဦး၊ မိန်း ကလေး(၁)ဦး စုစုပေါင်း (၆)ဦးသေဆုံးခဲ့သည်။ ရန်သူ့ထံမှ M-၁၆ တလက်၊ M-၇၉ တလက်၊ AK-၄၇ တလက်၊ M-၇၉ ကျည် (၃၀)လုံး၊ AKကျည် (၂၀၀)တောင့်၊ အိကွစ်မင့်တစုံ၊ ကျောပိုးအိတ်တလုံး၊ လွယ်အိတ်လေးလုံး၊ ငွေ (၂၅၀)ကျပ်နှင့် နာရီတလုံး တို့သိမ်းဆည်းရမိခဲ့သည်။

### မွန်ပြည်နယ်

၂၇-၁၁-၂၀၀၂ ခုနှစ် နေ့လည်ပိုင်းက KNU နှင့် နအဖတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ရာ နိုဝင်ဘာလ (၁၆)ရက်နေ့က မွန်ခွဲထွက်အဖွဲ့နှင့် ဗိုလ်မှူးစိုင်းကျော်လင်း ဦးစီးသော ခလရ(၁၆၇) နအဖတပ်ဖွဲ့များသည် ထားဝယ်ခရိုင် ကန်ဘောက်ဓါတ်ငွေ့ပိုက်လိုင်း မြောက်ဘက် မှိုထောလရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ မိနစ် (၄၀)ကြာ တိုက်ပွဲဖြစ်ခဲ့ပြီးနောက် နှစ်ဘက်ကျဆုံးများရှိခဲ့ရာ နအဖတပ်မှ တပ်ကြပ်ကြီးတဦးနှင့် ဒုတပ်ကြပ်တဦးကျဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ မွန်ခွဲထွက်အဖွဲ့မှ တဦးကျဆုံးပြီး အမ်(၁၆)တလက် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

နှစ်ဖက်တိုက်ပွဲအတွင်း မှိုထောလရွာသား (၆)ဦး ဒဏ်ရာရရှိသွားကြောင်းသတင်းရရှိသည်။ ❖

# ကရင်ပြည်နယ်အတွင်း နအဖ၏ လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းများ

### တပ်မဟာ (၇) ခရိုင်

၅-၁၁-၂၀၀၂ ရက်နေ့တွင် ရန်သူတပ်မ (၂၂) ခမရ (၃၀၂) ဒု-ရင်းမှူးစိုးစိုးသည် ထီးသဗလုသာ ကျေးရွာနေ ဖားအီလေးထံမှ နားကပ်တရံ၊ ကုလားမကွင်းတစ်ရံ၊ ပြည်တော်သာနားဆွဲတစ်ရံ၊ ပိုက်ဆံ (၁၀၀၀၀)ကျပ်တို့အားအဓမ္မလုယူသွားခဲ့ပြီး၊ ထိုနေ့တရက်တည်းအတွင်း ဒီကေဘီအေ ငါးသုံးလုံး ဦးစီးဖာဒိုးဘိုးသည်လည်းရွာသားများအား ခေါ်ယူ၍ဖားညာဖိုးထံမှ ဝက် (၁)ကောင်၊ငွေ (၂၈၀၀၀)ကျပ်တို့အား အဓမ္မလုယူသွားခဲ့သည်။

၁၀-၁၁-၂၀၀၂ ရက်နေ့တွင် KNU တပ်မဟာ (၇) အမှတ်(၁)နယ်မြေအတွင်း၌ ရန်သူတပ်မ (၂၂) ခမရ (၂၀၄)ဒု-ဗိုလ်မှူးကြီးတင်မောင်ဦးစီးသောအဖွဲ့သည် ကျေးရွာသားတဦးဖြစ်သူ စောကလိုဝါးထံမှ ဆိတ် (၁) ကောင် အဓမ္မလုယူစားသောက်ခဲ့သည်။

၁၁-၁၁-၂၀၀၂ ရက်နေ့တွင် ရန်သူခမရ (၂၀၄)နှင့် ဒီကေဘီအေ တပ်ရင်း(၂)တို့သည် KNUတပ်မဟာ (၇) အမှတ် (၂) နယ်မြေအတွင်းရှိ နိုးဒဲကျေးရွာနေ ဖားတီး မော်စိန်ထံမှ ကြက် (၂၂)ကောင်၊ ဖားတီး တင်ထွန်းထံမှ ကြက်(၂) ကောင်၊ တီးကြာအေးထံမှ ကြက် (၄)ကောင်၊ ဘဲ (၄) ကောင်၊ နော်မူဟဲထံ မှ ဘဲ(၂)ကောင်၊ နော်မူဒါးထံမှ ကြက် (၁)ကောင်၊ နော်မူဟားထံမှ ကြက် (၁)ကောင်၊ တီးလွယ်သထံမှ ကြက် (၁)ကောင်၊ နော်မူလူးထံမှ ကြက် (၁)ကောင်၊ နော်ကားလေးထံမှ ဆိတ် (၁)ကောင်၊ ဝက်(၁) ကောင်၊နော်ဖော့လမူ၏ ဈေးဆိုင်မှ လန်ဒန်တစ်တောင့်နှင့် ပိုက်ဆံ (၁၀၀၀၀)ကျပ်၊ ထမင်းဗူး (၄)ဗူး၊ ကျသင့်ငွေ (၁၀၀၀)ကျပ်၊ မုန့်(၄) ထုပ်၊ ကျသင့်ငွေ (၁၈၀၀)ကျပ်၊ ခါတ်ခဲ(၆)လုံး ကျသင့်ငွေ (၇၅၀)ကျပ်နှင့် ကော်ဖီ (၁၀)ထုပ်၊ ကျသင့်ငွေ (၇၀၀)ကျပ်တို့အားအတင်းအဓမ္မ ယူဆောင်သွားခဲ့သည်။

၁၂-၁၁-၂၀၀၂ ရက်နေ့တွင် ရန်သူ တပ်မ (၂၂) ခမရ(၂၀၄) ဒု-ဗိုလ်မှူးကြီး တင်ဝင်းဦးစီးအဖွဲ့သည် တံတားကူးကျေးရွာ စောမြင့်ထံမှ ကြက် (၁၀)ကောင်၊ စောစိန်ပိုးထံမှ ကြက်(၂)ကောင်၊ စောလှဖေးထံမှ ကြက် (၁)ကောင်၊ ဓာတ်မီး (၁)လုံး၊ ဓာတ်ခဲအသေး (၅) ကဒ်၊ ဆန် (၂) ပြည်နှင့် ငွေ (၁၅၀၀၀) ကျပ်၊ မဆွီထံမှ ဆန်(၅) ပြည်၊ သော်တောကျေးရွာနေ စောပလယ်ကြဲထံမှ ဘဲ (၁)ကောင်နှင့် ပေါ်တာအတွက် ရွာသား(၁၂)ယောက် ခေါ်ယူသွားခဲ့သည်။ ထိုတနေ့တည်းတွင် ဒီကေဘီအေ ၉၉၉ တပ်ရင်း(၂) မောင်ကြည်သောင်း ဦးစီး သည် လာကဝဲကျေးရွာမှ ဗိုလ်မောင်ကူဆိုသူထံ မှ ငွေ (၁၀၀၀၀)ကျပ်၊ ကောက်ကျူးကျေးရွာမှလည်း ငွေ (၁၀၀၀၀)ကျပ် အဓမ္မလုယူသွားခဲ့သည်။

### ဒူးပလာယာခရိုင်

၅-၁၁-၂၀၀၂ရက်နေ့တွင် နအဖ ခလရ(၂၈၄)တပ်ရင်းမှ ဗိုလ်ကြီးဇော်ဝင်းထွန်းသည် ၎င်းတာဝန်ကျရာနယ်မြေရှိ ကျေးရွာများမှ ထင်းအလံ (၁၀၀၀)တောင်းယူခဲ့သည်။ ယင်းအလံထင်း တစ်လံအတွက် ငွေ(၁၀၀၀) ကျပ်ဈေးဖြင့်ပေးချေရမည်ဖြစ်ကြောင်းနှင့် ကျေးရွာ အကြီး အသေးအလိုက် ရွာကြီးကအလံ (၁၀၀)၊ ရွာငယ်များမှာ (၇၅)လံ ပေးပို့ခိုင်း ထားကြောင်းသိရသည်။ပေးပို့ရမည့် ကျေးရွာ များမှာ (၁)တုလေကုန်း၊ (၂)မီးလောင်ချောင်း၊ (၃)ကျခတ်ချောင်း၊ (၄)ဝါးဘိုးကုန်း၊ (၅)တံတားဦး၊ (၆)ကျခတ်ချောင်းဝ၊ (၇)အူပီ၊ (၈)ဝဲ့မာ၊ (၉)ဝဲ့မာခီး၊ (၁၀)ကျွန်းဝိုင်း၊ (၁၁)ဘုရားလေးဆိပ်၊ (၁၂)တမင်လွဲ၊ (၁၃)တီဖိုးလေ့ဂေါ် ရွာများဖြစ်ပြီး ထင်းများအား နိုဝင်ဘာလ အကုန်တွင် တပ်ရင်းသို့ အရောက်ပို့ပေးရန်နှင့် အချိန်မီမရောက်ရှိ ပါကအရေးယူမည်ဖြစ်ကြောင်း သတင်း ရရှိပါသည်။ (အလံထင်းဆိုသည်မှာ – အချင်း (၄)လက်မအထက်၊ အရှည် (၁) လံရှိသော ထင်းတုံးများအားအလျား၊ အနံ၊ အမြင့် ၁ ဖြစ်အောင်စုပုံထားသော ထင်း (၁)ပုံအား(၁လံ)အဖြစ်သတ်မှတ်သည်။) ပြင်ပပေါက်ဈေး အလံထင်း ၁ လံလျှင် (၁၀၀၀၀)ကျပ်ဖြစ်သည်။ ၎င်းအလံထင်းတောင်းသည့်ကိစ္စနှင့်ပတ်သက်၍ ၂၇-၁၁-၂၀၀၂ ရက် နေ့ကလည်းအထက်ဖော်ပြပါ ကျေးရွာ (၁၃)ရွာအား ထင်းများပေးပို့ပါမည့် အကြောင်း ကျေးရွာဥက္ကဋ္ဌများအား အတင်းအဓမ္မလက်မှတ်ရေးထိုးစေခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။ ထို့ပြင် ကြာအင်းမြို့နယ် အတွင်းရှိ တုလေကုန်း၊ မီးလောင်ချောင်း၊ ကျခတ်ချောင်း၊ ဝါးဘိုးကုန်း၊ တံတားဦး၊ ကျခတ်ချောင်းဝ၊ အူပီ၊ နတ်ချောင်းဖျား၊ ကျွန်းဝိုင်း၊ ဝဲ့မာ၊ ဘုရားလေးဆိပ်၊ တမင်လွဲ၊ ထီးဖိုးလေ့ဂေါ် စသည့်ကျေးရွာများမှ တစ်ရွာလျှင် ဝါးအချောင်း(၅၀)စီ၊ ခလရ(၂၈၄)တပ်စခန်းသို့ အခမဲ့ပို့ပေးရန်ညွှန်ကြားထားကြောင်း သတင်း ရရှိပါသည်။

၅-၁၁-၂၀၀၂ ရက်နေ့တွင် နအဖ ခမရ (၄၁၆) တပ်ရင်းမှ စစ်ကြောင်း (၂) ဗိုလ်မှူး ဗိုလ်နိုင်မင်းဦးစီးတပ်ဖွဲ့သည် ကြာအင်းမြို့နယ်၊ တကုခီးကျေးရွာသို့ဝင်ရောက်ပြီး (၁) နော်ပရင်းခင် (၅၁) နှစ်၊ (၂)နော်မုနီ (၅၁) နှစ်၊ (၃)နော်ဘရီး (၄၃)နှစ် တို့၏နေအိမ်များမှ၊ စောင် (၂)ထည်၊ လုံချည်(၁)ထည်၊ ဂျင်းအင်္ကျီ(၁)ထည်၊ ဂျင်းဘောင်းဘီ(၂)ထည်၊ အနွေးထည် (၁)ထည်၊ ဆန်(၅)ပြီ၊ ကျောပိုးအိပ်(၁)လုံး၊ ငွေ(၂၆၀၀/-)တို့ကို အတင်းအဓမ္မယူဆောင်သွားကြောင်း သတင်းရရှိသည်။

၈-၁၁-၂၀၀၂ ရက်နေ့ (၀၈း၁၅) နာရီ အချိန်ခန့်တွင်၊ (နအဖ)ခလရ (၇၈) စစ်ကြောင်းမှူး ခင်မောင်ကြီးဦးစီး အင်အား (၅၀) ခန့်သည် ကြာအင်းမြို့နယ် ကျောက်တန်းမြို့နယ်သို့ ဝင်ရောက်၍ (၁)နော်ဘော (၂၇) နှစ်၊ (၂)နော်မု ဟောက် (၃၂)နှစ်၊ (၃) နော်တက်မု (၃၅) နှစ်၊ (၄)နော်ခရဲ့ဖိုး (၄၅)နှစ်၊ (၅)နော်ကူး (၂၅)နှစ်၊ (၆) နော်ဆိ (၃၀)နှစ်၊ (၇)နော်နေ့ (၃၂)နှစ်၊ (၈) စောဖားဂေါ်ခယ် (၆၃)နှစ်၊ (၉) နော်ခလက် (၂၅)နှစ်၊ (၁၀) မောင်သိန်းစိုး (၃၄) နှစ်၊ (၁၁) နော်သေးထီး (၅၀) နှစ်၊ (၁၂) စောကျော်ညွှန့် (၄၅) နှစ်၊ (၁၃) နော်ခီး (၅၅) နှစ် တို့၏ အိမ်များမှ ကြောင်(၁) ကောင်၊ ဝက်(၃) ကောင်၊ ဘဲ(၆) ကောင်၊ ကြက်(၈)ကောင်၊ ဖျာ (၃)ချပ်၊ မျက်နှာသုတ်ပုဝါ (၁)ထည်၊ ဆန်(၁၄) ပြည်၊ အိုး(၄)လုံး၊ ဇွန်း (၇) ချောင်း၊ ပိုက်(၁)ဖုံ၊ ဒညင်းသီး(၁)အိုး၊ ဒါး၊ (၃)လက်၊ ပေါက်တူး(၁)လက်၊ အိတ်(၁)လုံး၊ ကြက်ဥ(၁)ခြင်း၊ မြန်မာငွေ (၂၀၀၀၀) ကျပ်နှင့် ယိုးဒယားငွေ (၆၀၀) ဘတ်တို့အား အတင်းအဓမ္မလုယူသွားကြောင်း သိရှိ ရသည်။

၁၁-၁၁-၂၀၀၂ ရက်နေ့တွင် နအဖ ခမရ(၃၄၃)တပ်ရင်းမှ တပ်ရင်းမှူးထွန်းမြင့်ဦးစီးတပ်ဖွဲ့သည် ဝင်းရေးမြို့နယ်၊ စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း ရှိဝန်ထမ်း ဆရာ၊ ဆရာမများအား တာဝန်ရှိသူတို့မှ လစာငွေလုံလောက်စွာ ထောက်ပံ့ခြင်းမရှိသဖြင့် ဘီဆိုင်း(ရွာပျက်လုနီး)၊ ကလိတ္တူပ်၊ ဝါပေါ်၊ တူလယ်၊ ဘိန်းကလွဲ စသောကျေးရွာတို့မှ တအိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် မပေးမနေရပေးဆောင်ရန် တပ်ရင်းမှူးမှ အမိန့်ထုတ်ပြန်၍ အတင်းအကြပ် ကောက်ခံလျက်ရှိကြောင်း သတင်းရရှိသည်။ ❖

# နအဖ စစ်သားများ မုဒိမ်းမှု ဆက်လက်ကျူးလွန်နေ

နိုဝင်ဘာလ(၁၁)ရက်နေ့က ကရင်ပြည်နယ်ရှိ ကော့ကရိတ်မြို့နယ် မယ်တယောခီးကျေးရွာ၌ ကရင်တိုင်းရင်းသားသူ အမျိုးသမီးနှစ်ဦးအား နအဖစစ်သားများမှ ဝိုင်းဝန်းမုဒိမ်းပြုကျင့်ခဲ့ကြကြောင်း သိရသည်။

ထိုအမျိုးသမီးငယ် နှစ်ဦးတို့မှာ နော်မိုးလှအေး (၁၆)နှစ်နှင့် မချစ်ဝင်း (၁၈)နှစ်တို့ဖြစ်ကြပြီး ၎င်းတို့အား ရှေ့တန်းတပ်မဌာနချုပ် (၈၈) ကွပ်ကဲမှုအောက်ရှိ ခလရ (၁၀)မှ တပ်သားများက ဝိုင်းဝန်း၍ မုဒိမ်းပြုကျင့်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ အဆိုပါဒေသအတွင်းရှိ နအဖတပ်ဖွဲ့များနှင့် ဒေသခံလူထုများအား သတင်းပေါက်ကြားမှု မရှိစေရန် တာဝန်ယူကြရမည်ဖြစ်ကြောင်း တာဝန်ပျက်ကွက်ပါက ကြီးလေးသောပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း နိုဝင်ဘာလ (၁၃)ရက်နေ့စွဲဖြင့် တပ်မဌာနချုပ်က အမိန့်စာများ ထုတ်ပြန်ထားသည်ဟု သိရသည်။

❖❖❖

# နအဖက သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့များ တနင်္သာရီတိုင်းမှာ တိုးချဲ့ဖွဲ့စည်း

တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် အကြားက ကျေးရွာများဖြစ်သည့် တောင်ငယ် ကျေးရွာ၊ လဖူးငယ်ကျေးရွာ၊ ကဝကျေးရွာ၊ မနော်ရှန်းကျေးရွာ၊ လပုတ်ချောင်း ကျေးရွာ များတွင် ယခုလို သောင်းကျန်းသူ ဆန့်ကျင် ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အဖွဲ့တဖွဲ့တွင် တပ်သားအင်အား(၃၀) ရှိပြီး စစ်ဗျူဟာနယ်မြေ (၃)ခုမှာရှိသော KNU အဖွဲ့များအား နှိမ်နှင်းရန် ယခုလို ဖွဲ့စည်းခြင်းဖြစ်သည်ဟု သိရသည်။

ထို့အပြင် နအဖက ထပ်မံဖွဲ့စည်းလိုက် သည့် သောင်းကျန်းသူဆန့်ကျင်ရေး အဖွဲ့များအတွက် ဒေသခံပြည်သူများထံမှ အတင်းအဓမ္မ ငွေကြေးကောက်ခံ နေကြောင်းသိရသည်။

❖❖❖

# (၈၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့၊ (၈၇) နှစ်မြောက် ပြည်သူ့စာဆို လူထုဒေါ်အမာ မွေးနေ့အထိမ်းအမှတ်အဖြစ်

## ပြည်သူ့စာဆို ဆရာတင်မိုး၏ ဖန်မီးအိမ်ကို ထွန်းညှိ၍ မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်အား ဂုဏ်ပြုသဝဏ်လွှာ ပေးအပ်ချီးမြှင့်ခြင်း



### အမေလူထုဒေါ်အမာ၏ ဆုံးမဩဝါဒစကား

အမေ့ မွေးနေ့မှာ ... အဝေးရောက် သားသမီးတွေကို ဆိုချင်တဲ့စကား။

"ဒီနှစ် အမေ့မွေးနေ့ကလေ အမျိုးသားအောင်ပွဲနေ့နဲ့ လာပြီးတော့ ဆုံတယ်သမီးရဲ့။ ခါတိုင်းတော့ အမေ တကယ်မွေးတုန်းကတော့ ပါတော်မူနေ့မွေးတာ။ နှစ်သုံးဆယ်ပြည့်တဲ့ ပါတော်မူနေ့မှာ မွေးတာ။ ဒီနှစ်လာပြီးတော့ အမျိုးသားအောင်ပွဲနေ့နဲ့ ဆုံနေတယ်။ အမေက ငယ်ငယ်တုန်းက နေရှင်နယ်ကျောင်းထွက်၊ အဲဒီ အမျိုးသားအောင်ပွဲနေ့ဆိုတာ အမေတို့ ပညာရေးလွတ်လပ်ခွင့်ရတဲ့ အောင်ပွဲပေါ့ကွာ။

အဲဒီတော့ တို့ကျောင်းက ဘာသင်လဲဆိုတော့ လွတ်လပ်ရေးဆိုတာ တိုက်ယူမှရမယ်။ အဲဒီ တုန်းက ၁၉၂၀ ခုနှစ်၊ ကျောင်းသားသပိတ်ကြီးမှောက်တော့ တိုက်ယူတဲ့အခါကျတော့ အမျိုးသားကျောင်းတွေ ပေါ်လာတယ်။ အဲဒီလို တို့ကို ကျောင်းကသွင်းပေးလိုက်တာ။ ပြီးတော့ တို့က လွတ်လပ်ရေးကိုမြတ်နိုးတဲ့စိတ်၊ လိုချင်တဲ့စိတ်၊ အမျိုးချစ်တဲ့စိတ်၊ အဲဒါဟာ ငယ်ငယ်ကတည်းက တို့ကရခဲ့ရတယ်ကွဲ့။ ဒီနှစ်လာပြီးတော့ အမျိုးသားအောင်ပွဲနေ့နဲ့၊ အမေ့မွေးနေ့နဲ့ဆုံတော့ ပြန်သတိရလိုက်တာ ငယ်ငယ်တုန်းက အကြောင်းတွေကိုလေ။

အခု ငါ့သမီးတို့ အဝေးရောက်နေကြတယ်မဟုတ်လား။ အဝေးရောက်နေကြတော့ ကိုယ့်နိုင်ငံကို တနေ့တော့ ပြန်ရမှာနော်။ ပြန်ခဲ့ကြ။ အမေတို့ကလည်း မျှော်နေမယ်၊ ဒါပေမယ့် အခုရောက်နေတုန်း ခဏလေး ပညာတွေ ဘာတွေ၊ ရနိုင်ရင် ရအောင်ယူခဲ့နော်။ နောက်ပြီးတော့ ကျန်းမာရေးကိုလည်း ဂရုစိုက်။ နောက်ပြီးတော့ အချင်းချင်းတွေလေ၊ ဗမာအချင်းချင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့နေကြ။ အဲဒါ အမေမှာချင်တာပဲ၊ တခြားတော့ ထွေထွေထူးထူး မရှိပါဘူး သမီးရယ်"




ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ယူနီဗာစီတီဘွဲ့ လေးချိုးကြီးအား ကဗျာဆရာကြီးဦးတင်မိုး ဖတ်ကြားနေစဉ်



ဖန်မီးအိမ်ကို ထွန်းညှိခြင်း အခမ်းအနားသို့ တက်ရောက်လာကြသော စာပေချစ်သူများ

၂၀၀၂ ခုနှစ် နိုဝင်ဘာလ(၂၉)ရက်နေ့တွင် ကျရောက်သည့် (၈၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့၊ ပြည်သူချစ်သော လူထုစာရေးဆရာ၊ သတင်းစာဆရာမကြီး အမေလူထုဒေါ်အမာ၏ (၈၇) နှစ်မြောက် မွေးနေ့အခမ်းအနားနှင့် မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်အား ဂုဏ်ပြုသဝဏ်လွှာပေးအပ်ချီးမြှင့်သည့် အခမ်းအနားတို့ကို မဲဆောက်မြို့၊ မယ်တော်ဆေးခန်းတွင် ကျင်းပပြုလုပ်ခဲ့ ကြသည်။

ယင်းအခမ်းအနားကို ပြည်ပရောက် လွတ်လပ်သော ကလောင်ရှင်များအသင်း (မြန်မာနိုင်ငံ) က ကမကထပြုလုပ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများသမဂ္ဂ အရှင်ခေမာစာရက ကြီးမှူးကာ ဒေါက်တာစင်သီယာမောင်နှင့် မယ်တော်ဆေးခန်းမှ ဝန်ထမ်းများက တာဝန်ယူကျင်းပခဲ့ခြင်း ဖြစ်သည်။

ထိုအခမ်းအနားသို့ ပြည်ပရောက် စာပေ အနုပညာရှင်များ၊ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေကြသည့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်ပရောက် မြန်မာအလုပ်သမားများ၊ ဆေးသင်တန်းသူ/သားများအပါအဝင် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

အခန်းအနားတွင် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို အမျိုးသားပညာဝန်ဦးဖိုးကျားရေးသားသည့် စာတမ်းအား အယ်ဒီတာ ကိုခင်လွန်းက ဖတ်ကြားတင်သွင်းခဲ့ပြီး၊ ဦးတင်မိုးက အမျိုးသားနေ့နှင့်ပတ်သက်၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရေးသားခဲ့သည့် ယူနီဗာစီတီဘွဲ့လေးချိုးကြီးကို ဖတ်ကြားသွားခဲ့သည်။

ထို့နောက် အခမ်းအနား၏ ဒုတိယအစီအစဉ်အဖြစ် စာရေးဆရာမကြီး အမေလူထုဒေါ်အမာ၏ (၈၇)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပကြရာ အမျိုးသားစာပေဆုရှင် ကဗျာဆရာကြီး ဦးတင်မိုးက "ဖန်မီးအိမ်ကိုထွန်းညှိခြင်း"ဟူသည့် ခေါင်းစဉ်ဖြင့် ကဗျာဆရာဘဝဖြတ်သန်းမှုများအား ဟောကြားသွားခဲ့သည်။ ဆက်လက်၍ မဆလ၊ နအဖလက်ထက် စာပေလွတ်လပ်ခွင့်များ ဆိတ်သုဉ်းခဲ့ရ၍ ပြည်ပသို့ထွက်ခွာလာခဲ့ရပြီး နိုင်ငံရပ်ခြားသို့ လှည့်လည်သွားလာနေရစဉ် ကြုံတွေ့ခံစားရပုံများကို စပ်ဆိုရေးသားထားသည့် ကဗျာများအားလည်း ဖတ်ကြားရွတ်ဆိုသွားခဲ့သည်။

ထို့နောက် ကဗျာဆရာ မောင်လွမ်းဏီက စာရေးဆရာအသင်းပေါ်ပေါက်လာပုံနှင့် မြန်မာစာပေဖြတ်သန်းမှုသမိုင်း စာတမ်းကို ဖတ်ကြားသွားခဲ့သည်။

ထို့နောက် ကဗျာဆရာ ဖေသက်နီက စစ်အစိုးရလက်အောက် စာပေအနုပညာရှင်များ နှိပ်ကွပ်ခံနေရမှုများနှင့် မြန်မာစာပေကို စစ်အုပ်စုကဖျက်ဆီးနေပုံများကိုလည်းကောင်း၊ ကဗျာဆရာနေဇော်နိုင်နှင့် ဆရာငြိမ်းဝေတို့က ကဗျာရေးရာ၊ စာပေရေးရာ အဖြာဖြာတို့ကိုလည်းကောင်း ဟောပြောသွားခဲ့သည်။

ထို့နောက် အေးမိဖြူကလည်း လူထုဒေါ်အမာ၏ "စာမှန်အောင်ရေးကြစို့"ဟု အမည်ရသည့် ဆောင်းပါးအား ဖတ်ကြားခဲ့ပြီး အမေလူထုဒေါ်အမာနှင့် တွေ့ဆုံမေးမြန်းထားသည့် အမျိုးသားအောင်ပွဲနေ့ဆိုင်ရာ ဆုံးမဩဝါဒစကားများကိုလည်း အသံသွင်းတိပ်ခွေနှင့် ထုတ်လွှင့်သွားခဲ့သည်။

❖ ❖ ❖



၂၀၀၂ ခုနှစ်၏ မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်အား ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများကိုယ်စား ကဗျာဆရာကြီးဦးတင်မိုးက ဂုဏ်ပြုသဝဏ်လွှာပေးအပ်နေစဉ်

၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီးအား စစ်တပ်မှ အကြမ်းဖက်ဖြိုခွဲ၍ အာဏာသိမ်းပိုက်ခဲ့ပြီးနောက် ဒေါက်တာစင်သီယာမောင်သည် နယ်စပ်ဒေသသို့ထွက်ခွာလာ၍ နယ်စပ်ဒေသရှိ မြန်မာပြည်သူများနှင့် ထိုင်းနိုင်ငံရောက် တရားမဝင်နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အစဉ်တစိုက် တာဝန်ယူဆောင်ရွက်ပေးနေခဲ့သူဖြစ်သည်။

ဒေါက်တာစင်သီယာမောင်၏ လူသားချင်းစာနာထောက်ထားမှု၊ မြန်မာနိုင်ငံသားဒုက္ခသည်များနှင့် တရားမဝင်မြန်မာနိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်အနစ်နာခံဆောင်ရွက်ခဲ့မှုတို့ကြောင့် သူမအား နိုင်ငံတကာအသိုင်းအဝိုင်းမှ အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့သည်မှာ ယခုဆိုလျှင် (၆) ဆုပင် ရှိပြီဖြစ်ပေသည်။

၂၀၀၂ ခုနှစ်အတွက် ဖိလစ်ပိုင်နိုင်ငံမှ ပေးအပ်ချီးမြှင့်ခဲ့သည့် ရာမွန်မက်ဆေးဆေးဆုသည် ဆဋ္ဌမမြောက်ဆုတဆုပင်ဖြစ်ပေသည်။ ဤဆုအား အာရှတိုက်၏ နိုဗယ်ဆု ဟူ၍ သတ်မှတ်ခေါ်ဝေါ်လျက်ရှိပေသည်။

ဒေါက်တာစင်သီယာမောင်သည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ မဲတော်ဆေးခန်းတွင် သူမ၏ လုပ်ဖော်ကိုင်ဖက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူလက်တွဲ၍ နယ်စပ်ဒေသနှင့် ထိုင်းနိုင်ငံရောက် တရားမဝင်မြန်မာနိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေဆဲဖြစ်သည်။

## အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဆွေးနွေးပွဲတိုးတက်မှုရှိနေကြောင်း နအဖက ကြေညာချက်ထုတ်ပြန်မှုအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထား

ပြီးခဲ့သောနိုဝင်ဘာလအတွင်း နအဖစစ်အုပ်စုက ကြေညာချက်တစောင် ထုတ်ပြန်ရာ ထိုကြေညာချက်တွင် အတိုက်အခံ အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်နှင့် ပြုလုပ်နေသည့် အမျိုးသားရင်ကြားစေရေး ဆွေးနွေးပွဲများ တိုးတက်လာမှုရှိကြောင်း ဖော်ပြထားသည်ဟုဆိုသည်။

အဆိုပါကြေညာချက်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံကိုယစားလှယ် မစ္စတာရာဇာလီ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားချိန်ကစ၍ နအဖ အတွင်းရေးမှူး ဗိုလ်ချုပ်ခင်ညွန့် ပြောကြားနေသည့် အာဘော်ကို ထပ်မံရည်ညွှန်းထားခြင်းဖြစ်ကြောင်း သိရပြီး တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်၍ နိုင်ငံတကာ၏ စိတ်မရှည်သည့် မခံနိုင်မှုကို လျှော့ပါးသွားရန် ကြိုးပမ်းချက်တစ်ခုအဖြစ် စစ်အုပ်စုက ထုတ်ပြန်ပုံရကြောင်း နိုင်ငံရေးလေ့လာသူတို့ကဆို သည်။

နအဖက မိမိတို့အဖွဲ့နေဖြင့် အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြုလုပ်နေသည့် အမျိုးသားရင်ကြားစေ့ရေး ဆွေးနွေးပွဲများသည် တိုးတက်မှုရှိနေကြောင်း ထိုကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် သည်းခံတောင်းဆိုရန်လိုအပ်ကြောင်း ကြေညာချက်တွင် တည့်သွင်းဖော်ပြထားသည်။

ထိုကြေညာချက်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုရေးရှိသူ ဦးလွင်က ကြေညာချက်ထုတ်ပြန်ချက်ကို အဖွဲ့ချုပ်က မသိကြောင်း၊ နအဖ နှင့် အဖွဲ့ချုပ်တို့ကြား အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးမှုများ လုံးဝ မစတင်ရသေးကြောင်း၊ ထို့ကြောင့် နအဖ ၏ တိုးတက်မှုရှိသည်ဆိုသော စကားအပေါ် နားမလည်ဖြစ်ရကြောင်း၊ နအဖ အနေဖြင့် ရင်ကြားစေ့ရေးဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သိရန် လိုပါကြောင်း ပြောကြားသွားခဲ့သည်ဟု နိုင်ငံတကာ သတင်းအေဂျင်စီများအဆိုအရ သိရှိရသည်။

❖ ❖ ❖